# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၇၉)


## ကုန်ထုတ်မှုတိုးတက်မြင့်မားရေးနှင့် သက်ဆိုင်သည့်စီမံကိန်းများဦးစားပေး

**စီမံကိန်းလုပ်ငန်းကြီးများကို မြန်မြန်နှင့် အရည်အသွေး၊ အဆင့်အတန်းရှိရှိ ကုန်ကျစရိတ်သက်သာစွာ ကြီးကြပ်မှုကောင်းကောင်းဖြင့် အကောင်အထည်ဖော်သွားကြရန် အရေးကြီး။**

**အထူးသဖြင့် ကုန်ထုတ်မှုတိုးတက်မြင့်မားရေးနှင့် သက်ဆိုင်သည့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော်သွားကြ။**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၂/၂၀၀၄)ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)



## သမိုင်းပေးတာဝန်တစ်ရပ်

ကိုလိုနီနယ်ချဲ့တို့ သွေးခွဲအုပ်ချုပ်ခဲ့မှု၏ ဆိုးမွေများဖြစ်သည့် တိုင်းရင်းသားသွေးချင်းများအကြား သံသယပွားမှု၊ မုန်းတီးမှု၊ မညီညွတ်မှု စသည့် မမှန်ကန်သော ဆိုးညစ်သည့် သဘောထားများကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အပြီးတိုင် ဖယ်ရှားပစ်ရေးမှာ မြန်မာတိုင်းရင်းသား လူမျိုးများအားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်း
အမှတ်စဉ်(၃၅)သင်တန်းဆင်းပွဲ သြဝါဒမိန့်ခွန်းမှ-





## စီမံကိန်းလုပ်ငန်းကြီးများ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရေးပါသောစီမံကိန်းဖြစ် မြန်မြန်ပြီးလေ တိုင်းပြည်အတွက်အကျိုးရှိလေဖြစ်၍ အင်တိုက်အားတိုက်အကောင်အထည်ဖော် ကုန်ကျစရိတ်သက်သာပြီး အရည်အသွေးပြည့်မီသည့်လုပ်ငန်းဖြစ်ရေး မျက်ခြည်မပြတ်ကြီးကြပ်ကွပ်ကဲ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ သမိုင်းကြောင်း၌မှတ်တမ်းကောင်းကျန်ရစ်စေရန်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၂/၂၀၀၄)ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ကျင်းပရာ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✡

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

# နိုင်ငံတော်၏ အောင်မြင်ဖြစ်ထွန်းမှုများ တိုးတက်မြင့်မား တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာလ ၁၅ ရက်မှ ၂၆ ရက်နေ့အထိ မန္တလေးတိုင်း၊ မကွေး တိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဒေသများသို့ ၁၂ရက်ကြာ လှည့်လည်သွားရောက်ပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ခရီးစဉ်အတွင်း မကွေးတိုင်း မကွေးမြို့သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများအား **နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ် တည်ဆောက်ကြရမည်** ဖြစ်ကြောင်း လမ်းညွှန် မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အခက်အခဲ၊ အကန့်အသတ်၊ အတားအဆီး အမျိုးမျိုးကြားမှပင် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရရှိလာခဲ့သည်။

ယင်းသို့ရရှိလာသော ရလဒ်ကောင်းများအနက် တိုင်းရင်းသားပြည်သူများ သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် ဖွံ့ဖြိုးတိုးတက်လာသည့် ပြည်နယ်နှင့်တိုင်းများ တစ်ခုနှင့်တစ်ခု ဆက်သွယ်မည့် တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ ပေ ၁၈၀ နှင့်အထက် တံတားကြီး အစင်း ၁၉၀ အထိ ဖြစ်ထွန်းလာခဲ့သည်။

မန္တလေးတိုင်းတွင် အရှည် ၅၆၁၄ ပေရှိ ရေဝတီတံတား (ရတနာပုံ)ကို တည်ဆောက်ပေးလျက်ရှိပြီး တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးလုနီးပါးဖြစ်နေပြီ ဖြစ်သည်။ **တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို အမြန်ဆုံး စောပြီးနိုင်သမျှပြီးစီးအောင် ဆောင်ရွက်ရန်** နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မန္တလေးမြို့ရှိ အဆိုပါတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြား ခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) သံနှင့်သံမဏိစက်ရုံသို့ ရောက်ရှိစဉ် **တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သံထည်ပစ္စည်းများ ထုတ်လုပ် ဖြည့်ဆည်း ပေးရေး** တို့ကိုလည်း လမ်းညွှန်မှာကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် စိုက်ပျိုးရေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တည်ဆောက်လျက်ရှိသော မန္တလေးတိုင်းမှ ရဲရွာရေအား လျှပ်စစ်စီမံကိန်း၊ ချင်းပြည်နယ်မှ မဏိပူရ ရေလှောင်တမံစီမံကိန်း၊ မကွေးတိုင်း ဂန့်ဂေါမြို့နယ်ရှိ မြစ်သာ ရေလှောင်တမံစီမံကိန်း၊ စေတုတ္တရာမြို့နယ်မှ ဗူးရွာ ရေလှောင်တမံစီမံကိန်းနှင့် မုန်းချောင်း ရေလှောင်တမံဘက်စုံစီမံကိန်း၊ ပွင့်ဖြူမြို့နယ်မှ ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင်များသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင်-

> **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့သည် အဓိကအရေးကြီးသည့် ကဏ္ဍများဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ် ထုတ်ယူရရှိမည့် ရေလှောင်တမံ စီမံကိန်းများသည် နိုင်ငံတော်အတွက် အရေးပါသည့် စီမံကိန်းလုပ်ငန်းများဖြစ်၍ ဖြစ်နိုင်သမျှ အမြန်ပြီးစီးအောင် စီမံကိန်းလုပ်ငန်းများကို တစ်ခုပြီးမှတစ်ခု အကောင်အထည် ဖော်သည့် ပုံစံမျိုးမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု တစ်ပြိုင်တည်းချိတ်ဆက်၍ အကောင်အထည်ဖော် သွားကြရန်**

လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်များကိုရယူပြီးနောက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိရာ တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စေတနာထားလုပ်ဆောင်မှု၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ အားကြိုးမာန်တက် ပူးပေါင်း ပါဝင်မှုများကြောင့် အချိန်တိုကာလအတွင်း အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ရာ ရရှိလာသော အောင်မြင်ဖြစ်ထွန်းမှုများ ဆက်လက်တိုးတက်မြင့်မားလာစေရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် ( ၅၅ ) နှစ်တာကာလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ အဆ ၇၅၀ မြင့်တက်ခဲ့

ပေကျင်း ဒီဇင်ဘာ ၂၅

**တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့် (၅၅)နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ထူထောင်ခဲ့ချိန်မှစပြီး အဆ ၇၅၀ မြင့်တက်လာခဲ့ကြောင်း တရုတ်ကုန်သွယ်ရေးအရာရှိတစ်ဦးက သောကြာနေ့၌ ပေကျင်းတွင် ပြောကြားလိုက်သည်။**

ကူးသန်းရောင်းဝယ်မှုဆိုင်ရာ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုညီလာခံ၌ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဘိုစီလိုင်က ထိုသို့ပြောကြားခြင်းဖြစ်ပြီး ယခုနှစ်တွင် ကမ္ဘာ၌ တရုတ်နိုင်ငံသည် တတိယအကြီးမားဆုံး ကုန်သွယ်မှုနိုင်ငံ ဖြစ်လာဖွယ်ရှိကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံ၏ ၂၀၀၄ ခုနှစ် ပထမ ၁၁ လအတွင်း နိုင်ငံခြားကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံကျော်ခဲ့ကြောင်း၊ ယင်းတွင် မြောက်အမေရိကနှင့်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၆၇ ဘီလီယံ၊ ဥရောပနှင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၉၀ နှင့် အာရှနိုင်ငံများ၊ အခြားဒေသများနှင့် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်တို့ ပါဝင်ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်းအဆိုအရ အမေရိကန်ပြည်ထောင်စုသည် ယင်း၏ နိုင်ငံခြားကုန်သွယ်မှုပမာဏကို ဒေါ်လာ ဘီလီယံ ၁၀၀ မှ ဒေါ်လာ တစ်ထရီလီယံဖြစ်ရန်အတွက် နှစ် ၂၀ကြာခဲ့ပြီး ဂျာမနီနိုင်ငံက ၂၆ နှစ်ကြာခဲ့ ကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံမှာမူ ၁၆ နှစ်သာကြာခဲ့ကြောင်း သိရသည်။

## မြင့်တက်

ဇန်နဝါရီမှ နိုဝင်ဘာလအထိ ကာလအပိုင်းအခြားအတွင်း တရုတ်နိုင်ငံက အာရှတိုက်မှတင်သွင်းခဲ့သည့်ကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာ ၃၃၄ ဒသမ ၆ ဘီလီယံထိ ၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ အာရှတိုက်၏စုစုပေါင်း ကုန်ပစ္စည်းတင်သွင်းမှုပမာဏ၏ ၂၀ရာခိုင်နှုန်းကျော်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကိုယ်ဝန်ဆောင်အမျိုးသမီး ရထားရပ်၍ ကလေးမွေးဖွားပေးခဲ့ရ

ရှန်ကျိုး ဒီဇင်ဘာ ၂၆

**အလွန်အေးသော ဆောင်းရာသီ အရှဏ်မကျင်းမီ မီးရထားဘူတာ စင်္ကြံတစ်ခုပေါ်တွင် ကလေးငယ်တစ်ဦး အား မွေးဖွားပေးလိုက်ရကြောင်း တရုတ်နိုင်ငံအလယ်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ဟူချန်းဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။**

ကလေး၏ မိဘမျိုးရိုးမှာ ပေါင် မျိုးနွယ်ဖြစ်သည်။ ဘူတာတွင် ရပ်တန့်ခြင်း မရှိသော ဇက်အမျိုးအစား အမြန်ရထားတစ်စင်းပေါ်မှ လူနာတင် ယာဉ်ပေါ်သို့ ပြောင်းပေးပြီး နှစ်မိနစ် အကြာ ကလေးငယ်အား လုံခြုံဘေးကင်းစွာ မွေးဖွားပေးခဲ့ကြောင်း၊ တနင်္ဂနွေနေ့ ညပိုင်းက ဟူချန်းမီးရထားဘူတာ၌ အရေးပေါ်အခြေ အနေတစ်ရပ် ပြုလုပ်ခဲ့ရကြောင်း၊ အမြန်ရထားသည် ပေါင်နှင့်သူ၏ခင်ပွန်း အပါအဝင် ခရီးသည်များအား တင်ဆောင်ကာ ပေကျင်းမှ ဟူဘိုင်းပြည်နယ်၏မြို့တော် ဝူဟန်သို့ထွက်ခွာခဲ့ကြောင်း၊ ပေါင်သည် ဇနီးမောင်နှံနေထိုင်ခဲ့သည့် ဇာတိမြို့သို့ ကလေးမွေးဖွားရန် ပြန်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ပေကျင်းမှထွက်ခွာလာပြီး တစ်နာရီခန့်အကြာတွင် သူမသည် ကလေးမွေးဖွားရန် ဝမ်းဗိုက်နာခြင်း စတင် ဖြစ်ခဲ့ကြောင်း၊ နောက်တစ်နေ့ နံနက်စောစောတွင် မွေးဖွားတော့မည်ဖြစ်၍ လီမျိုးနွယ်မှ သူမ၏ ခင်ပွန်းသည် အကူအညီရရန် မီးရထားဝန်ထမ်းများကို အကူအညီတောင်းရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ၎င်းသည် ရထားပေါ်တွင် သတင်းဖမ်းယူရေးစနစ်မှ ဆရာဝန်တစ်ဦးကို ရှာဖွေရန် ကြိုးစားခဲ့ရာ မိနစ်အနည်းငယ်အကြာတွင် အကူအညီပေးရန် ဆေးကျောင်းသူတစ်ဦး အနီးအနားသို့ ရောက်လာခဲ့သည်။

ယင်းဆေးကျောင်းသူက ကိုယ်ဝန်ဆောင် အမျိုးသမီးအား တစ်နာရီနှင့် နှစ်နာရီအတွင်း ကလေးမွေးဖွားရန် စမ်းသပ်မှုများပြုလုပ်ပေးခဲ့ကြောင်း၊ တစ်ခဏအကြာတွင် ရထားကို ရပ်ပေးလိုက်ရကြောင်း၊ ရထားမှာဟူချန်းမှ ကီလိုမီတာ ၁၀၀အကွာ ဒေသစံတော်ချိန် ၃နာရီ၁၄မိနစ်တွင် ရပ်ပေးလိုက်ကာ ကိုယ်ဝန် ဆောင်အမျိုးသမီးအား စင်္ကြံပေါ်ရှိလူနာတင်ယာဉ်ပေါ်သို့ တင်ပေးလိုက်ပြီး နှစ်မိနစ်အကြာတွင် မွေးဖွားပေးခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ရိက္ခာများသယ်ဆောင်သွားသော လူမပါသည့်အာကာသယာဉ် အင်တာနေရှင်နယ် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်မိ

ဝါရှင်တန် ဒီဇင်ဘာ ၂၆

**လူလိုက်ပါခြင်းမရှိသော ရုရှားထောက်ပံ့ရေး အာကာသယာဉ်သည် စနေနေ့၌ အင်တာနေရှင်နယ် အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်လိုက်ပြီး ရိက္ခာပစ္စည်းနည်းပါးနေပြီဖြစ်သော အာကာသယာဉ်မှူးများသို့ အစားအစာ၊ ရေနှင့် ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။**

ပရိုဂရက်စ်အမ် ၅၁ အာကာသယာဉ်သည် အမေရိကန် အာကာသယာဉ်မှူး လီရွိုင်ချီအိုနှင့် ရုရှားအာကာသယာဉ်မှူး ဆာလစ်ဇ်ဟန်ရှာရီပေါ့ဗ်တို့ အတွက် ရိက္ခာပစ္စည်းနှစ်တန်ခွဲကို ယူဆောင်လာခဲ့ပြီး စနေနေ့ည ၆နာရီ ၅၈ မိနစ်၌ စခန်းယာဉ်နှင့် ချိတ်ဆက် နိုင်ခဲ့သည်။ ၎င်းတို့အတွက် မိသားစုများ ထံမှ ပေးစာများ၊ ဗီဒီယိုခွေများနှင့် ဓာတ်ပုံများလည်း ပါရှိသည်။

## ပါဝင်

ရိက္ခာပစ္စည်းများ သယ်ဆောင်သွားသော ယခု အာကာသယာဉ်သည် အာကာသယာဉ်မှူးများအတွက် စားနပ်ရိက္ခာနှင့် လက်ဆောင်ပစ္စည်း ၁၁၂ရက်စာ သယ်ဆောင်သွားကြောင်း၊ ပုံကူးစက်များ၊ ဒစ်(စ်)ပြားများ၊ လေ့ကျင့်ခန်းပစ္စည်း ကိရိယာများနှင့် အဝတ်အထည်များလည်း ပါဝင်ကြောင်း နာဆာက ပြောကြားသည်။

အောက်တိုဘာလမှစပြီး အာကာသစခန်းယာဉ်ပေါ်၌ ရောက်နေခဲ့ကြသော အာကာသယာဉ်မှူးနှစ်ဦးအား ၎င်းတို့တွင် ကျန်ရှိသော အစားအစာများမှာ တစ်လစာသာရှိတော့သဖြင့် နေ့စဉ်စားသုံးမှုကို လျှော့ချရန် လွန်ခဲ့သည့် နှစ်ပတ်က မေတ္တာရပ်ခံခဲ့သည်။

အကယ်၍ အသစ်ပေးပို့လိုက်သော ရိက္ခာပစ္စည်းများ အာကာသစခန်း ယာဉ်သို့ မရောက်လျှင် အာကာသယာဉ်မှူးများ၏ ခြောက်လ လုပ်ငန်း ဆောင်ရွက်မှုကို လျှော့ချကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်ထားသော ဆိုယုဇ် အာကာသယာဉ်ဖြင့် ကမ္ဘာသို့ ပြန်လာရန်စီစဉ်ထားသည်။**အမ်အင်အေ၊ရိုက်တာ**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယဒုတိယသမ္မတထံစာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်း ရှေခါဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားဒုတိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အာချေးနှင့် ဆူမာတြားမြောက်ပိုင်း ဒေသများတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ရက်က ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ ယူစွပ်ကာလာထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

## တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။




## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း စာနာထောက်ထားကြောင်းသဝဏ်လွှာများပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အာချေးနှင့် ဆူမာတြား မြောက်ပိုင်းဒေသများတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်ကဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာဆန် ဝီရာယုဒထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။

**ထိုင်းနိုင်ငံ**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းသည် ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်ကဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဆူရာကီယတ် ဆတ်သီရာထိုင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

**သီရိလင်္ကာနိုင်ငံ**

၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လက်ရှ်မန် ကာဒီဂါမာထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

**အိန္ဒိယသမ္မတနိုင်ငံ**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး မစ္စတာကေ၊ နတ်ဝါဆင်း ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ဒို့ပိုင်တဲ့မြေ

❖ အဘိုးနဲ့အဘွား တို့
ပျိုးထားလို့သန့်ရှင်း။
ဖူးပွင့်နွယ် အင်္ဂအကင်းတွေနဲ့
ခူးချင့်ဖွယ် ထုံထုံသင်းပါဘိ
ဝင်းလဲ့စည်ပင်။
ဒို့ပိုင်တဲ့ မြေပေါ်တွင်
ဒို့မြင်ရ အလှဆန်း။
ဘိုးဘွားမွေ အထွတ်မြတ်
လွတ်လပ်တဲ့ပန်း။

❖ အဖေနဲ့အမေတို့
ကြိုးစားလို့အားမာန်ချီ။
ဘိုးအမွေ အဖေ့အတွက်
ဘွားအမွေ အမေ့လက်
ဆက်ခံခဲ့သည်။
ရှုမညှောင်းပေဘု
ဥဒေါင်းငှက် ကဟန်ချီ
ဒို့ရွှေပြည် ရှုမဆုံး။
ကမ္ဘာအသိပေပေါ့
မြန်မာ၏အလံ အနီရောင်သန်းပါလို့
ဇာတိမာန် ဂုဏ်ရည်လွှမ်းတဲ့
ပန်းရနံ့ဖုံး။

❖ အဖေ့သမီး အမေ့သား
မြေးမြစ်များ လက်ထက်တွင်။
အလှတွေ နှစ်ဆတိုးစေဖို့
မြန်မာ့မြေ မြန်မာ့အကျိုးအတွက်
နိုးကြားစေချင်။
လွတ်လပ်ရေး ပန်းတစ်ပင်
လန်းရှင်ဖို့အစဉ်တွေး။
သူ့အလှ ကိုယ်မဖျက်သည်သို့
ကိုယ့်အလှ သူလာဖျက်လျှင်လည်း
အမျက်မာန် ဆယ်ပြန်တင်းပါလို့
အဖျက်ရန် အမြန်ကင်းအောင်
ရှင်းကြစို့လေး။ ။

မြင်းမူမောင်နိုင်မိုး

# စီမံကိန်းလုပ်ငန်းများ ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် မြန်မြန်စတင်အကောင်အထည်ဖော် အချိန်နှောင့်နှေးကြန့်ကြာလျှင် ကုန်ကျစရိတ်ပိုမိုများပြားတတ်သည်ကို အမြဲသတိထား



**အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၂/၂၀၀၄) ညှိနှိုင်း အစည်းအဝေးတွင် စက်ရုံတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရှင်းလင်း တင်ပြစဉ်။** (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

## ညှိနှိုင်းအစည်းအဝေးတက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အထူးစီမံကိန်းများ အကောင်အထည်



**ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်ရေး စာချုပ်များ ချုပ်ဆိုထားမှု ကိစ္စများ၊ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း ဆက်သွယ်သည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## စစ်ဆေးကြပ်မတ်

ညှိနှိုင်းအစည်းအဝေးတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကား ပြောကြားရာတွင် စီမံကိန်းလုပ်ငန်းကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးကြီးသော စီမံကိန်းကြီးများဖြစ်၍ ခွင့်ပြုချက်ရရှိပြီးသည်နှင့် တစ်ပြိုင်နက် မြန်မြန်စတင်အကောင်အထည်ဖော်ပြီး စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို မြန်မြန်ပြီးစီးအောင် အင်တိုက်အားတိုက် အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးကြောင်း၊ အချိန်နှောင့်နှေး ကြန့်ကြာသည်နှင့်အမျှ ကုန်ကျစရိတ် ပိုမိုများပြားတတ်သည်ကို အမြဲသတိထားကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် သတ်မှတ်လျာထားချိန်ထက်စော၍ပြီးအောင် ကြိုးပမ်းကြရန်လိုကြောင်း၊ ထို့ပြင် လုပ်ငန်းများဆောင်ရွက်ရာ၌ စနစ်တကျ မကုန်ကျသင့်သည်များ မကုန်ကျစေရေး ကြီးကြပ်ရန်နှင့် ကုန်ကျစရိတ်သက်သာပြီး အရည်အသွေး အဆင့်အတန်းပြည့်မီသည့် လုပ်ငန်းများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ကြီးကြပ်ကွပ်ကဲမှု အပိုင်း၌ ရင်အုပ်မကွာ မျက်ခြည်မပြတ် ကြီးကြပ်ကွပ်ကဲသွားရန်နှင့် လက်တွေ့လုပ်ငန်းခွင်များသို့ မကြာခဏသွားရောက်စစ်ဆေးကြပ်မတ်သွားကြရန် လိုအပ်ကြောင်း။

## မှတ်တမ်းကောင်းကျန်ရစ်

စီမံကိန်းလုပ်ငန်းကြီးများမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စီမံကိန်းများဖြစ်သည့်အလျောက် မြန်မြန်ပြီးစီးလေ တိုင်းပြည်အတွက် အကျိုးရှိလေဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကြိုးစားပမ်းစား တည်ဆောက်နေသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစစအရာရာ အလေးထားကြပ်မတ်ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများ



**ရေအားလျှပ်စစ် စီမံကိန်းများ၊ လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးရန် မဟာဓာတ်အား လိုင်းနှင့် ပင်မဓာတ်အားခွဲရုံများတည်ဆောက်ရေး အခြေအနေများနှင့် ပတ်သက်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်း တင်ပြစဉ်။** (သတင်းစဉ်)

သည် သမိုင်းတင်ကျန်ရစ်မည်ဖြစ်၍ သမိုင်းကြောင်း၌ မှတ်တမ်းကောင်း ကျန်ရစ်စေရန် အလေးထားဆောင်ရွက်ကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် ရေလှောင်တမံစီမံကိန်းငါးခု၊ ရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်း တစ်ခုနှင့် ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်မည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသုံးခုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁)စက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက အမှတ်(၁)စက်မှုဝန်ကြီးဌာနက တိုးချဲ့တည်ဆောက်လျက်ရှိသည့် စက်ရုံစီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အော်တိုတယ်လီဖုန်းလိုင်းများ တည်ဆောက်ခြင်း၊ ဆက်သွယ်မှုကွန်ရက် လမ်းကြောင်းများ တည်ဆောက်ခြင်း၊ ဂျီအက်စ်အမ်မိုဘိုင်းစနစ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ကမ်းလွန်ဒေသနှင့် ကုန်းတွင်းပိုင်းဒေသ လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး စာချုပ်များကိစ္စနှင့် ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတိုးချဲ့ ဆက်သွယ်ရေး စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ဒယိုင်းချောင်း (ပိုင်ကျုံ) ရေအား လျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေနှင့် သတဲ(ခေါ်) သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ သကျက်ရေအားလျှပ်စစ်စီမံကိန်းများနှင့် လျှပ်စစ်ဓာတ်အား သယ်ပို့ဖြန့်ဖြူးရန် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ တည်ဆောက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က တည်ဆောက်ပြီး လေယာဉ်ကွင်းများ၊ တည်ဆောက်ဆဲလေယာဉ်ကွင်းများ၊ လေဆိပ်များတိုးချဲ့မွမ်းမံပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားစီမံကိစ္စရပ်များနှင့် တတိယအဆင့်တွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## အားထည့်အကောင်အထည်ဖော်

ယင်းနောက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလမ်းညွှန်ပြီး စီမံကိန်းလုပ်ငန်းကြီးများကို မြန်မြန်နှင့် အရည်အသွေး အဆင့်အတန်းရှိရှိ၊ ကုန်ကျစရိတ်သက်သာစွာ ကြီးကြပ်မှု ကောင်းကောင်းဖြင့် အကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း၊ အထူးသဖြင့် ကုန်ထုတ်မှုတိုးတက်မြင့်မားရေးနှင့်သက်ဆိုင်သည့် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးအားထည့် အကောင်အထည်ဖော် သွားကြရန်ဖြစ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

## ရည်ရွယ်တည်ဆောက်

ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေလှောင်တမံများအနက် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာမြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်ရှိသည့် နေရဥ္စရာချောင်းပေါ်၌ တည်ဆောက်မည့်မြေသားအမျိုးအစားဖြစ်ပြီး လယ်မြေဧက ၆၅၀၀ ခန့်ကို ရေရရှိရန်နှင့် ရေအားလျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ခန့် ထုတ်လွှတ်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသည် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ မာလဲနတ်တောင်ချောင်းပေါ်တွင် တည်ဆောက်ပြီး ရေသိုလှောင်၍ လယ်မြေဧရိယာဧက တစ်သောင်းကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သည်။

မဒန်းရေလှောင်တမံစီမံကိန်းသည် မန္တလေးတိုင်း လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီး မဒန်းချောင်းပေါ်တွင်တည်ဆောက်ပြီး လယ်မြေဧရိယာဧက ၈၀၀၀ကို ရေပေးဝေနိုင်ရန် စီမံထားသည်။

ဝါးကတုတ်ရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီး ဝါးကတုတ်ချောင်းပေါ်တွင် တည်ဆောက်ပြီး ရေသိုလှောင်၍ မိုးယွန်းကြီးအင်းသို့ ရေကူပေးခြင်းဖြင့် ရန်ကုန်မြို့တော် (အရှေ့ခြမ်း) မိုင်၃၀ စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးခြင်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

*စာမျက်နှာ ၄ မှ*

ငမိုးရိပ်ရေထိန်းတံခါးကို ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီး စစ်ပင်တောင်ကွေ့ ငမိုးရိပ်ချောင်းပေါ်တွင် သံကူကွန်ကရစ်ရေတံခါးအမျိုးအစား တည်ဆောက်ပြီး ရေစုပ်စက်များ အသုံးပြု၍ နှစ်စဉ်နွေစပါး ဧက ၅၈၀၀ ကျော်ကို စိုက်ပျိုးရေအကျိုးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် နွေရာသီတွင် ရေထိန်းတံခါးပိတ်ခြင်းဖြင့် စိုက်ပျိုးမြေများသို့ ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

မြစ်သာရေလှောင်တမံစီမံကိန်းသည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ရေသိုလှောင်၍ လယ်မြေဧရိယာ ဧက ၁၂၀၀၀ ခန့်ကို စိုက်ပျိုးရေ ပေးသွင်းနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ် ခန့်ကိုလည်း ထုတ်လွှတ်နိုင်မည် ဖြစ်သည်။

## ရေပေးဝေနိုင်

မြစ်ရေတင်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် မိတ္ထီလာလွင်ပြင်ရေပြင်စီမံကိန်းသည် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ်တွင်တည်ရှိပြီး စီမံကိန်းပထမအဆင့်အနေဖြင့် ကင်းတားရေလွှဲဆည်မှ ရေကို ကင်းတားလက်ဝဲမြောင်းမကြီး၏ စမုံရေငုပ်ပြွန်အထွက် ကုန်းရွာအနီးမှ ရေတင်၍ အမြင့်ပေ ၁၉၂ ပေသို့ ရေတင်အဆင့်ပေါင်း ရှစ်ဆင့်ဖြင့် တွန်းတင်ပြီး ဝမ်းတွင်းနှင့် သာစည်မြို့နယ်များအတွင်းရှိ လယ်မြေဧက ၅၈၀၀ နှင့် ယာမြေဧက ၂၄၀၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ငမိုးရိပ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင်ရှိပြီး ငမိုးရိပ်ချောင်းမှရေကိုရယူ၍ အမြင့်ပေ ၃၀ သို့ ရေတွန်းတင်ပြီး လှည်းကူးမြို့နယ်အတွင်းရှိ လယ်မြေဧက ၈၀၀၀ ခန့်ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

ဒုံသမိမြစ်ရေတင်စီမံကိန်းသည် မွန်ပြည်နယ် သထုံမြို့နယ်တွင်တည်ရှိပြီး ဒုံသမိမြစ်မှ ရကိုရယူ၍ အမြင့်ပေပေါင်း ၁၅၂ ပေသို့ ရေတင်အဆင့်ပေါင်း လေးဆင့်ဖြင့် ရေတွန်းတင်ပြီး သထုံမြို့နယ်အတွင်းရှိ လယ်မြေဧက ၃၃၀၀၀ ခန့်ကို နွေသီးနှံအတွက် ရေပေးဝေနိုင်မည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်နေသော အပ်ချုပ်စက်ရုံ(ကျောက်ဆည်)တိုးချဲ့စီမံကိန်းသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်စက်မှုနယ်မြေရှိ မြေဧက ၂၆ ဒသမ ၈၉ ဧကပေါ်တွင် တည်ရှိသည်။ အဆိုပါ တိုးချဲ့စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသွားပါက ပြည်ပမှ ဝယ်ယူဖြည့်ဆည်းတင်သွင်းနေရသော အပ်ချုပ်စက် အစိတ်အပိုင်း အမျိုး ၃၀ကို ပြည်တွင်း၌ပင် ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

## လျှပ်စစ်စက်ဘီးထုတ်လုပ်

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်ဘီးစက်ရုံ(ကျောက်ဆည်)တိုးချဲ့ စီမံကိန်းနှင့် လျှပ်စစ်စက်ဘီးစက်ရုံ (ကျောက်ဆည်)စီမံကိန်းသည် မန္တလေးတိုင်း ကျောက်ဆည်စက်မှု နယ်မြေတွင်တည်ရှိပြီး ပြည်တွင်း၌ လိုအပ်သော စက်ဘီးများနှင့် စက်ဘီးအစိတ်အပိုင်းများအပြင် လျှပ်စစ်စက်ဘီးများနှင့် ဆိုက်ကားများကိုပါ တိုးချဲ့ထုတ်လုပ်သွားမည်ဖြစ်သည်။

စက်ဘီးစက်ရုံ(ရန်ကုန်)တွင် စက်ဘီးအစိတ်အပိုင်းခုနစ်မျိုးထုတ်လုပ်ပြီး ပြည်ပမှ စက်ဘီးအစိတ်အပိုင်း ၁၅ မျိုးကို မှာယူဖြည့်ဆည်းကာ ၂၈ လက်မ ကျားစီး၊ ၂၆ လက်မ မစီးနှင့် ၂၈ လက်မ ဝန်တင်စက်ဘီးများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ပြည်ပမှ မှာယူဖြည့်ဆည်းရသော စက်ဘီးအစိတ်အပိုင်း ၁၅ မျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်အတွက် စက်ဘီးစက်ရုံ(ရန်ကုန်)ကို တိုးချဲ့အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

## ပေါင်းလောင်းရေအားလျှပ်စစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့၏ အရှေ့ဘက်လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက် နေခြင်းဖြစ်သည်။

တပ်ဆင်မည့် စက်အင်အားမှာ ၈၄ မဂ္ဂါဝပ်ဖြစ်ပြီး အနည်းဆုံးထွက်ရှိမည့် ဓာတ်အားမှာ ၄၉ မဂ္ဂါဝပ်ရှိသည်။

ဒယိုင်းချောင်း(ပိုင်ကျုံ) ရေအားလျှပ်စစ်စီမံကိန်းသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၏ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာရှိ ဒယိုင်းချောင်းပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

တပ်ဆင်မည့် စက်အင်အားမှာ ၂၅ မဂ္ဂါဝပ်ဖြစ်ပြီး အနည်းဆုံးထွက်ရှိမည့် ဓာတ်အားမှာ ၁၀ မဂ္ဂါဝပ်ဖြစ်သည်။

သကျက်ရေအားလျှပ်စစ်စီမံကိန်းသည် တနင်္သာရီတိုင်း မြိတ်ခရိုင် တနင်္သာရီမြို့၏ အရှေ့ဘက် ၁၄မိုင်ခန့်အကွာ သကျက်ချောင်းပေါ်၌ တည်ရှိသည်။ တပ်ဆင်မည့် စက်အင်အားမှာ မဂ္ဂါဝပ် ၂၀ ဖြစ်ပြီး အနည်းဆုံးထွက်ရှိမည့် ဓာတ်အားမှာ ၁၁ မဂ္ဂါဝပ်ဖြစ်သည်။

## ကီလိုဝပ်နာရီ သန်း ၃၅၀

သတဲ(ခေါ်)သူငွေးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ သတဲ(ခေါ်)သူငွေးချောင်းပေါ်၌ တည်ရှိပြီး တပ်ဆင်မည့် စက်အင်အားမှာ မဂ္ဂါဝပ် ၁၀၀ နှင့် နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ ကီလိုဝပ်နာရီ သန်း ၃၅၀ ဖြစ်သည်။



**ရေကြောင်းပညာတက္ကသိုလ်(သန်လျင်) တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**လေယာဉ်ကွင်းစီမံကိန်းများ အကောင်အထည်ဖော်ပြီးစီးမှုနှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အာချေနှင့် ဆူမာတြားမြောက်ပိုင်းဒေသများတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံတွင် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်းဆင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မဟင်ဒါ ရာဂျာပက်ခ်စီထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ထိုင်းနိုင်ငံ တောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့် အသက်အိုးအိမ်ပျက်စီး ဆုံးရှုံးမှုများအတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လေကြောင်းလိုင်းများတွင် အသုံးပြုလျက်ရှိသော ဖော်ကာအက်ဖ်-၂၈၊ ဖော်ကာအက်ဖ်-၂၇၊ အေတီအာရ် လေယာဉ်များ၊ ဘိုးရင်း ၇၃၇-၄၀၀ ကဲ့သို့သော ခရီးသည်တင်လေယာဉ်ကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်းသက်နိုင်ရန် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ပြေးလမ်းများ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကိုဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ဟဲဟိုးလေယာဉ်ကွင်း တိုးချဲ့ရေးစီမံကိန်း၊ မုံရွာလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ မြိတ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း၊ အမ်းလေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း၊ ပခုက္ကူ လေယာဉ်ကွင်းသစ်တည်ဆောက်ရေး စီမံကိန်းနှင့် ညောင်ဦးလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်။

## ထားဝယ်လေဆိပ်စီမံကိန်း

ဆောင်ရွက်ဆဲလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများမှာ ခန္တီးလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ဗန်းမော်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ လားရှိုးလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း၊ ကျိုင်းတုံ လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ ပုသိမ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၊ အနီးစခန်းလေဆိပ်တည်ဆောက်ရေးစီမံကိန်းနှင့် ထားဝယ်လေဆိပ် တည်ဆောက်ရေးစီမံကိန်းတို့ဖြစ်သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်(သန်လျင်) တည်ဆောက်ရေးစီမံကိန်းအနေဖြင့် ပထမအဆင့်နှင့် ဒုတိယအဆင့်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေယာဉ်တည်ဆောက်ရေး၊ ရေကြောင်းအင်ဂျင်နီယာ၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်းနစ်အင်ဂျင်နီယာ၊ ဆိပ်ကမ်းအင်ဂျင်နီယာ၊ မြစ်ချောင်းနှင့် အဏ္ဏဝါအင်ဂျင်နီယာ၊ ရေကြောင်းသိပ္ပံပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ **(သတင်းစဉ်)**





**အမှာစကား ပြောကြား**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးမြို့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

# တိုးတက်နေသည့်ကမ္ဘာကြီးနှင့်အမီ ဆေးဝါးသစ်များ၊ ကုထုံးသစ်များ ဖော်ထုတ်တီထွင်ကြံဆ မြန်မာ့တိုင်းရင်းဆေး၏အခန်းကဏ္ဍ မြင့်မားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်း

* *ကျော်ဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာန ဆိုင်ရာများ၊ မန္တလေးခရိုင်နှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ မန္တလေးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများမှ ဘင်ခရာနှင့် အကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်ပွဲ အစီအစဉ်ကို တိုင်းရင်းဆေးတက္ကသိုလ်အဝင် ပင်မတံခါးရှေ့၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တိုင်းရင်းဆေးတက္ကသိုလ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည်ကမ္ပည်းကျောက်စာကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ဖွင့်ပွဲအခမ်းအနားအစီအစဉ်များကို ဆက်လက်ကျင်းပသည်။

## ရိုးရာဆေးပညာ

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာတို့၏ရှည်လျားခိုင်မာသည့် သမိုင်းကြောင်းနှင့်အတူ မိမိနိုင်ငံ၊ မိမိလူမျိုး၏ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့စရိုက်၊ အတွေးအခေါ်တို့နှင့်အညီ ပေါက်ဖွားရှင်သန်လာခဲ့သည့် ကိုယ်ပိုင်တော်ဝင်ဆေးပညာရပ်ဖြစ်ကြောင်း၊ ဤဆေးစွမ်းရည်ထက်မြက်သည့် ဆေးပညာရပ်၏ စောင့်ရှောက်မှုနှင့်ပင် ရှေးမြန်မာအဘိုး၊ အဘွားများသည် သက်ရှည်ကျန်းမာအောင် နေထိုင်လာခဲ့ကြခြင်းဖြစ်သည့်အတွက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စွမ်းရှိသည့် ရိုးရာဆေးပညာရပ်လည်းဖြစ်ကြောင်း။



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ထို့အပြင် ခေတ်အဆက်ဆက် မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများ၏ တီထွင်ကြံဆအားထုတ်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ဒေသနာနယ၊ ဘေသဇ္ဇာနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယဆိုသည့် နယကြီးလေးပါးပေါင်းစည်းထားသော သိမ်မွေ့နက်နဲသည့် ဆေးပညာမျိုးလည်းဖြစ်ကြောင်း။

## လေးနက်သည့်အဓိပ္ပာယ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို ရည်မှန်းချက်မြင့်မြင့်မားမားထားပြီး တည်ဆောက်ထူထောင်နေသည့်နေရာ၌ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် ကျန်းမာရေးဆိုင်ရာ ဦးတည်ချက်နှင့်အတူ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဆိုသည့် လူမှုရေးဦးတည်ချက်များကို ခိုင်ခိုင်မာမာချမှတ်ပြီး လက်တွေ့ကျကျ စီမံချက်ရှိရှိ အကောင်အထည်ဖော်လျက်ရှိကြောင်း။

အစဉ်အလာကြီးမားသည့် မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်နေခြင်းသည် သာမန်လုပ်ရိုးလုပ်စဉ်သဘောမျိုးမဟုတ်ဘဲ၊ ပြည်သူများ သက်ရှည်ကျန်းမာနေအောင် ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြန်မာ့တော်ဝင်ဆေးပညာနှင့် ဝင်ရောက်ပူးပေါင်းစောင့်ရှောက်နိုင်အောင် လူမှုရေးဦးတည်ချက်များနှင့်အညီ လေးနက်သည့် အဓိပ္ပာယ်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤကဲ့သို့ လေးနက်သည့်အဓိပ္ပာယ်နှင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် မြန်မာ့တိုင်းရင်းဆေးပညာနှုန်းမီစံကိုက် တိုးတက်ထွန်းကားပြန့်ပွားစေရေး၊ နိုင်ငံတကာအဆင့်မီ ဆေးပညာရပ်တစ်ခုအဖြစ် စည်းစနစ်တကျ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ အစွမ်းအာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများကို သိပ္ပံနည်းကျကျ ထုတ်လုပ်မှုနည်းစဉ်များဖြင့် စံချိန်စံညွှန်းကိုက်ညီစွာ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်စေရေးတို့ကို မူဝါဒများအဖြစ် ချမှတ်ပြီး အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

## မျက်ဝါးထင်ထင်မြင်တွေ့ရ

ဤကဲ့သို့ နိုင်ငံတော်၏ အားပေးစောင့်ရှောက်မှု၊ တိုင်းရင်းဆေးပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှု၊ တိုင်းရင်းဆေးဝါးများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုတို့ကြောင့် ယခုအခါတွင် မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်း ပြန်လည်မြင့်မားအောင်မြင်လာပြီး နှစ်စဉ်မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ ညီလာခံများကို ကျင်းပနိုင်ခြင်း၊ တိုင်းရင်းဆေးပညာ ဒီပလိုမာသင်တန်းနှင့် တိုင်းရင်းဆေးဆရာသင်တန်းများ တိုးချဲ့ပေးနိုင်ခြင်း၊ ပြည်နယ်၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

**မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်၌ တည်ဆောက်ပြီးစီးသွားသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။**

(သတင်းစဉ်)



# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တည်ဆောက်ပေးခဲ့သည့်မြစ်ရေတင်စီမံကိန်းများ

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို



မန္တလေးတိုင်း ညောင်ဦးမြို့နယ်တွင် တည်ဆောက်ပေးထားသော ငါ့သရောက် လျှပ်စစ် မြစ်ရေတင်စီမံကိန်းတွင် ဧရာဝတီမြစ်မှတစ်ဆင့် ရေပိုက်များဖြင့် ပင်မမြောင်းသို့ မြစ်ရေများ စုပ်တင်ပေးလျက်ရှိသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ လက်ပန်ခြေပေါ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဧရာဝတီမြစ်ရေကို စုပ်တင်ပြီး အကျိုးပြုလယ်မြေဧက ၁၅၀၀သို့ ရေပေးဝေလျက်ရှိသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)




## မြစ်ရေတင်စီမံကိန်းများ

| စဉ် | အကြောင်းအရာ | အရေအတွက်/ဌာန |
|---|---|---|
| ၁။ | ဆောင်ရွက်ပြီးစီမံကိန်းများ | ၂၇၁ ခု |
| | (က) လျှပ်စစ်မြစ်ရေတင် | ၈၉ ခု |
| | (ခ) ဒီဇယ်မြစ်ရေတင် | ၁၈၂ ခု |
| ၂။ | အကျိုးပြုဧက | ၂ သိန်းကျော် |
| ၃။ | တည်ဆောက်သည့်ဌာန | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန |





### လောကနန္ဒာမြစ်ရေတင်စီမံကိန်း

မန္တလေးတိုင်း ညောင်ဦးမြို့နယ်တွင် တည်ဆောက်ပေးထားပြီး လယ်မြေဧက ၁၁၀၀၀ ကို အကျိုးပြုလျက်ရှိသည့် လောကနန္ဒာ မြစ်ရေတင်စီမံကိန်းကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

### ဆီမီးခုံ မြစ်ရေတင်စီမံကိန်း

အညာဒေသ စိုက်ပျိုးရေ ဖူလုံစွာရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မန္တလေးတိုင်း မြင်းခြံမြို့နယ် မြောက်ဘက်တွင် တည်ဆောက်ထားသည့် လယ်မြေဧက ၉၀၀၀ကို အကျိုးပြုလျက်ရှိသည့် ဆီမီးခုံ မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)




မြန်မာ့သမိုင်းဖြစ်စဉ်များတွင် နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်းလဲမှုများကား များပြားလှသည်။ မည်သူသေသေ ငတေမာပြီးရောဟူသည့် စကားနှင့်အညီ နယ်ချဲ့တို့သည် ၎င်းတို့၏ နယ်ချဲ့ယန္တရား လည်ပတ်နိုင်ရေးအတွက် မြန်မာတိုင်းရင်းသားများအပေါ် နည်းအမျိုးမျိုးဖြင့် နှိပ်စက် အမြတ်ထုတ် အုပ်ချုပ်ခဲ့ကြသည်။ ၎င်းတို့အနက် မြန်မာ့မြေမှ သယံဇာတများကို ထုတ်ယူသုံးစွဲ အကျိုးအမြတ်ရရှိစေခြင်းငှာ အလုပ်သမားများအပေါ် ရက်စက်ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်ခဲ့ကြသည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို မတရားကျူးကျော်သိမ်းပိုက်ပြီး မြန်မာနိုင်ငံ၏ သယံဇာတ အရင်းအမြစ်များကို ၎င်းတို့၏ အကျိုးစီးပွားအတွက် မတရားလုယက် အမြတ်ထုတ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍအသီးသီး၌ နယ်ချဲ့တို့၏မတရားသဖြင့် သွေးစုပ်အမြတ်ထုတ်ခဲ့မှု အမျိုးမျိုးရှိခဲ့သည့်အနက် ရေနံမြေအလုပ်သမားထုကြီးအပေါ် ဖိနှိပ်ချုပ်ချယ် အမြတ်ထုတ်ခဲ့မှုများသည်

**နယ်ချဲ့တို့၏ မတရားကုပ်သွေးစုပ်ခြယ်လှယ်မှုကို မခံမရပ်နိုင်ဖြစ်ကြကာ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ရေနံမြေ အလုပ်သမားများ ဤသို့ ပါဝင်ခဲ့ကြသည်။**

နယ်ချဲ့တို့၏ မင်းသားခေါင်း ဆောင်းထားသော ဘီလူးရုပ်အသွင်သည် တဖြည်းဖြည်းရုပ်လုံး ပေါ်လာသည်နှင့်အမျှ တိုင်းရင်းသား ညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု စိတ်ဓာတ်အင်အား ပိုမိုတိုးပွားလာပြီး နယ်ချဲ့ရန်စွယ်ကို စုပေါင်းတွန်းလှန်ခဲ့ကြ သည်။



ဗြိတိသျှနယ်ချဲ့တို့အား ဆန့်ကျင်တွန်းလှန်ခဲ့သည့် ရေနံမြေအလုပ်သမားခေါင်းဆောင် သခင်ဘိုးလှကြီး။

# နယ်ချဲ့ရန်ကို တွန်းလှန်ခဲ့သည့် 
# မျိုး

လည်း အပါအဝင်ဖြစ်သည်။ နယ်ချဲ့လက်ပါးစေ အရင်းရှင်များ၏ နှိပ်စက်ဖိစီးမှုများကို နာကြည်းဖွယ်ရာများအဖြစ် တွေ့မြင်ကြရသည်။

မြန်မာ့မြေမှ အဖိုးတန်ရတနာဖြစ်သော ရေနံကို နယ်ချဲ့ ကုမ္ပဏီကြီးများသည် ရနိုင်သမျှခြစ်ကုတ်၍ထုတ်ယူခဲ့ကြသည်။ နယ်ချဲ့ဘက်တော်သား ကုမ္ပဏီကြီးများက ရေနံလုပ်ငန်းများ၌ ပြည်တွင်းထွက် ရေနံ၏ ၉၇ ရာခိုင်နှုန်းကို လက်ဝါးကြီးအုပ်လုပ်ကိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ကိုလိုနီခေတ်စီးပွားရေးအခြေအနေမှာ နယ်ချဲ့အလိုတော်ရိများအတွက် စိတ်ကြိုက်ဖန်တီးနိုင်ခွင့်ရှိသော အခွင့်အရေးထူးများ ရရှိခဲ့ကြပြီး မြန်မာတစ်မျိုးသားလုံး၏ ဘဝမှာ နယ်ချဲ့တို့၏ ခိုင်းရာနေ စေရာသွား အနှိပ်စက်ခံဘဝ၌ နေခဲ့ကြရသည်။

မြန်မာနိုင်ငံ၏ သဘာဝတွင်းထွက်သတ္တုနှင့် သစ်များကို ထုတ်လုပ်

**နယ်ချဲ့ ဆန့်ကျင်ရေး တိုက်ပွဲတွင် တိုင်းရင်းသားပြည်သူတ**



ထိုသို့ခေါင်းပုံဖြတ် အမြတ်ကြီးစားစနစ်၏ တရားခံ
မြန်မာတစ်မျိုးသားလုံးက သိမြင်သဘောပေါက်လာ
စုစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆ



မြန်မာ့သမိုင်းဖြစ်စဉ်များတွင် နယ်ချဲ့တို့၏ ကောက်ကျစ်စဉ်းလဲမှုများကား များပြားလှသည်။ မည်သူသေသေ ငတေမာပြီးရောဟူသည့် စကားနှင့်အညီ နယ်ချဲ့တို့သည် ၎င်းတို့၏ နယ်ချဲ့ယန္တရား လည်ပတ်နိုင်ရေးအတွက် မြန်မာတိုင်းရင်းသားများအပေါ် နည်းအမျိုးမျိုးဖြင့် နှိပ်စက် အမြတ်ထုတ် အုပ်ချုပ်ခဲ့ကြသည်။

ရောင်းချသမျှ ရရှိသော နိုင်ငံခြားငွေကြေးများမှာလည်း နိုင်ငံခြားသားနယ်ချဲ့တို့၏ လက်ဝယ်တွင်သာရှိပြီး အကျိုးအမြတ်ကို ခံစားစံစားရသူများမှာ မြန်မာလူမျိုးများမဟုတ်ဘဲ နိုင်ငံခြားသား ကုမ္ပဏီများနှင့် လူမျိုးခြားများသာဖြစ်သည်။

နယ်ချဲ့တို့၏ သရုပ်သည် အဓိကအားဖြင့် တိုင်းတစ်ပါးမြေအပေါ် ကျူးကျော်ပြီး အဆိုပါတိုင်းပြည်မှရသမျှ သယံဇာတများကို နည်းမျိုးစုံဖြင့် ထုတ်ယူသယ်ဆောင် အသုံးချရန်ဖြစ်သည်။ထိုနည်းမျိုးစုံတွင် အဆိုပါ တိုင်းပြည်ရှိ တိုင်းရင်းသားလူမျိုးနွယ်အသီးသီးအပေါ် သပ်လျှိုသွေးခွဲခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ ထိုမှတစ်ဖန် သွေးစုပ်ခြယ်လှယ်ခြင်း စသောလုပ်ရပ်

# ည်

# းချစ်အလုပ်သမားများ

## မောင်မောင်မြင့်ဆွေ

မျိုးစုံပါဝင်သည်။နယ်ချဲ့တို့၏ လုပ်ရပ်များကား စက်ဆုပ်ဖွယ်ရာပင်ဖြစ်သည်။

နယ်ချဲ့အရင်းရှင်တို့၏ ဘီအိုစီကုမ္ပဏီသည် တစ်နှစ်လျှင် အမြတ်ငွေကျပ်သန်း ၉၀ မှ ကျပ် ၁၀၁ သန်းအကြား ရရှိနေချိန်တွင် ရေနံမြေအလုပ်သမားများအတွက် ကုန်ကျငွေမှာ အနည်းငယ်မျှသာရှိသည်။ ၎င်းကိုကြည့်ခြင်းဖြင့် နယ်ချဲ့တို့သည် ရေနံမြေအလုပ်သမားများနှင့် ပတ်သက်ပြီး လုပ်အားခအပါအဝင် အခြားဝန်ဆောင်မှုများတွင် မည်မျှခေါင်းပုံဖြတ်ထားသည်ကို သိသာထင်ရှားစွာ တွေ့နိုင်ပေသည်။

တစ်ဖန် ရေနံမြေအလုပ်သမားတစ်ဦးအတွက် တစ်နှစ်လျှင် ခွင့် ၁၀ရက်ပင် မခံစားရသော အချိန်တွင် ဥရောပတိုက်သား မျက်နှာဖြူအမှုထမ်းများကိုမူ သုံးနှစ်လျှင်တစ်ကြိမ်ကျ လစာပြည့်ဖြင့် အနားယူခွင့် ခြောက်လအထိ ဘီအိုစီကုမ္ပဏီက ပေးထားခဲ့သည်။

**သူတစ်ရပ်လုံး နိုးကြားတက်ကြွစွာ ဤသို့ ပါဝင်ခဲ့ကြသည်။**



**းခံအစစ်သည် ဗြိတိသျှနယ်ချဲ့တို့သာ ဖြစ်ပါကြောင်း လာပြီး နိုင်ငံအနှံ့ရှိ တိုင်းရင်းသား ပြည်သူများ၏ ဆန့်ကျင်ခဲ့ကြသည်။**

ထို့ပြင် ရေနံမြေအလုပ်သမားတို့၏ အလုပ်ပိတ်ရက်များကိုလည်း တစ်နှစ်လျှင် ယခင်က ၁၀ရက် သတ်မှတ်ခဲ့သော်လည်း ပြင်ဆင်သတ်မှတ်လိုက်သည့် အလုပ်ပိတ်ရက်မှာ ခုနစ်ရက်သာရရှိခဲ့သဖြင့် ရေနံမြေအလုပ်သမားတို့ မကျေမနပ်ဖြစ်ခဲ့ကြရသည်။ ထို့ကြောင့် တစ်နှစ်လျှင် ဘာသာရေးဆိုင်ရာ ခွင့် ၁၀ရက်အပြင် လုပ်ခ မပျက်ခွင့် ရက်၃၀ ပေးရန် တောင်းဆိုခဲ့ကြသည်။ ယင်းတောင်းဆိုချက်ကို ဘီအိုစီကုမ္ပဏီက မပေးခဲ့သည့်အပြင် ယခင်အတိုင်း ရေနံအလုပ်သမားများ၏ အခြေအနေနှင့် ခံစားခွင့်များကို ဆက်လက်ဖိနှိပ်ထားခဲ့သဖြင့် မကျေနပ်မှုများ တိုးတက်များပြားလာချိန်တွင်

ဝန်ထမ်းတစ်ဦးဖြစ်သူ သခင်ခင်အားခွင့်တစ်ရက်ပိုယူသည့်အတွက် အလုပ်မှ ထုတ်ပစ်ရာမှ ချောက်မြို့တွင် ရေနံမြေသပိတ် စတင် ဖြစ်ပေါ်ခဲ့သည်။

နယ်ချဲ့တို့၏ မတရားဖိနှိပ်မှု၊ နယ်ချဲ့လက်ပါးစေ နိုင်ငံခြားသား စီးပွားရေးကုမ္ပဏီကြီးများ၏ ခေါင်းပုံဖြတ်မှုတို့ကြောင့် သခင်ဘိုးလှကြီး ဦးဆောင်သော ရေနံမြေ အလုပ်သမားတို့၏ ၁၃၀၀ပြည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများ ဆက်တိုက်ပေါ်ထွက်ခဲ့ရသည်။

ထိုနည်းတူ အောင်လံ စတီးဘရားသားဝါဂွမ်းစက်၊ သုံးဆယ် စတီးဘရားသားကုမ္ပဏီ၊ ပြည်တွင်း ရေကြောင်းသွားလာနေသော ဧရာဝတီဖလိုတီလာ မီးသင်္ဘော ကုမ္ပဏီမှ အလုပ်သမားများကလည်း နယ်ချဲ့အစိုးရ၏လက်ပါးစေ ကုမ္ပဏီများ၏ ခေါင်းပုံဖြတ်မှုနှင့် နယ်ချဲ့တို့၏ အနိုင်ကျင့်မှုများကို မကျေနပ်သဖြင့် နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ပွဲ ဝင်ခဲ့ကြသည်။

ကိုလိုနီခေတ်နယ်ချဲ့လက်အောက်တွင်အလုပ်သမားတို့အနေဖြင့် မျက်နှာဖြူများ ပိုင်ဆိုင်သော ကုမ္ပဏီ များတွင် အစစအရာရာ အနှိမ်ခံ၊ အနှိပ်စက်ခံကာ နေထွက် နေဝင် အလုပ်လုပ်ကိုင်ကြရသော်လည်း မျက်နှာဖြူကုမ္ပဏီပိုင်ရှင်များက ဝိသမ လောဘဇောတိုက်ကာ ဧရာမ အမြတ်အစွန်းရရှိရေးအတွက် အလုပ်သမားများအပေါ် အကြင်နာကင်းမဲ့စွာ ခေါင်းပုံဖြတ် ခိုင်းစေခဲ့ကြသည်။

ထိုသို့ခေါင်းပုံဖြတ် အမြတ်ကြီးစားနေစ်၏ တရားခံအစစ်သည် ဗြိတိသျှနယ်ချဲ့တို့သာ ဖြစ်ကြောင်း မြန်မာတစ်မျိုးသားလုံးက သိမြင်သဘောပေါက်လာပြီး နိုင်ငံအနှံ့ရှိ တိုင်းရင်းသား ပြည်သူများ၏ စုစည်းညီညွတ်သည့် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် နယ်ချဲ့ကိုဆန့်ကျင်ခဲ့ကြသည်။

တိုင်းရင်းသား ညီအစ်ကိုများ စုစည်း ညီညွတ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံလျက် နယ်ချဲ့တို့ကို ဆန့်ကျင်တွန်းလှန်ခဲ့ကြသည်။

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

**တိုင်းရင်းသားညီအစ်ကိုများ၏ အသက်သွေးဖြင့်ရေးခဲ့သည့် နယ်ချဲ့တော်လှန်ရေးအောင်ပွဲမှတ်တိုင်များ သည် မြန်မာ့သမိုင်းစာမျက်နှာတွင် အထင်အရှားရှိနေခဲ့ပြီး ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုအားလုံး တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်မှု ရှိခဲ့၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများကို အောင်နိုင်ခဲ့ခြင်းဖြစ်သည်။**

နယ်ချဲ့ကလည်း တိုင်းရင်းသား ညီအစ်ကိုများအပေါ် သွေးခွဲသပ်လျှိုခဲ့သည်။ ပြည်မနှင့် တောင်တန်း ဒေသဟူ၍ ခွဲခြားခဲ့သည်။ ဖွံ့ဖြိုး တိုးတက်ခြင်းမရှိသည့် တောင်တန်းဒေသများကို ခေတ်နောက်ပြန်ဆွဲ၍ ဆုတ်ယုတ်သည်ထက် ဆုတ်ယုတ်အောင် ခွဲခြားအုပ်ချုပ်ခဲ့သည်။ အဆိုးရွားဆုံးမှာ တောင်တန်းဒေသနေ တိုင်းရင်းသား ညီအစ်ကိုများကို ဘိန်းမှိုင်းတိုက်ခြင်း ဖြစ်သည်။ တိုင်းရင်းသားများအပေါ် လူညွန့်တုံး အသက်ဆုံးစေသည်အထိ နယ်ချဲ့တို့ ရည်ရွယ်ခဲ့သည်။

နယ်ချဲ့တို့၏ မင်းသားခေါင်း ဆောင်းထားသော ဘီလူးရုပ်အသွင်သည် တဖြည်းဖြည်းရုပ်လုံးပေါ်လာသည်နှင့် အမျှ တိုင်းရင်းသား ညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်အင်အား ပိုမိုတိုးပွားလာပြီး နယ်ချဲ့ ရန်စွယ်ကို စုပေါင်းတွန်းလှန်ခဲ့ကြသည်။

တိုင်းရင်းသားညီအစ်ကိုများ၏ အသက်သွေးဖြင့်ရေးခဲ့သည့် နယ်ချဲ့တော်လှန်ရေး အောင်ပွဲမှတ်တိုင်များသည် မြန်မာ့သမိုင်းစာမျက်နှာတွင် အထင်အရှားရှိနေခဲ့ပြီး ဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုအားလုံး တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်မှု ရှိခဲ့၍ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများကို အောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစဉ်အလာကောင်းများနှင့်အညီ တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှု အင်အား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**တိုင်းရင်းသား ညီအစ်ကိုများ စုစည်းညီညွတ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကို အခြေခံလျက် နယ်ချဲ့တို့ကို ဆန့်ကျင်တွန်းလှန် ခဲ့ကြသည်။**



**နယ်ချဲ့တို့၏ မတရားကုပ်သွေးစုပ်ခြယ်လှယ်မှုကို မခံမရပ်နိုင်ဖြစ်ကြကာ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ရေနံမြေ အလုပ်သမားများ ဤသို့ ပါဝင်ခဲ့ကြသည်။**



## မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံသစ်ရှေ့၌ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

တိုင်းအားလုံး၌ တိုင်းရင်းဆေးရုံများနှင့် ဆေးကုဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း စသည့်အောင်မြင်မှု အသီးအပွင့်များကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပြီး ဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ ခေတ်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပစ္စည်းများနှင့် စနစ်တကျလေ့ကျင့်သင်ကြားပေးပြီး ဘွဲ့၊ ဒီဂရီများပေးအပ်မည့် တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ထွက်လာပြီဖြစ်ကြောင်း။

### အခြေခံအမွေခံကောင်း

၂၀၀၁ခုနှစ် ဒီဇင်ဘာလမှစပြီး ပထမနှစ်သင်တန်းများ စတင်ဖွင့်လှစ်ခဲ့စဉ်က တိုင်းရင်းဆေးတက္ကသိုလ်၏ ဥပဓိရုပ်နှင့်ညီညွတ်သော လိုအပ်သည့် အဆောက်အအုံများ၊ ခေတ်မီပစ္စည်းကိရိယာများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများ ပြည့်ပြည့်စုံစုံ မရှိခဲ့သော်လည်း ယခုအခါ တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ အဘက်ဘက်က ပြည့်စုံလာပြီဖြစ်သည့်အတွက် တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထည်ထည်ဝါဝါ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဤအခမ်းအနားသည် မြန်မာ့တိုင်းရင်းဆေးလောကအတွက် အခြေခံအမွေခံကောင်း အုတ်မြစ်ကောင်း တစ်ရပ် ခိုင်ခိုင်မာမာချမှတ်လိုက်နိုင်သည့် အောင်ပွဲအခမ်းအနားလည်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

**“မြန်မာ့တိုင်းရင်းဆေးပညာရှင်များသည် ကျဉ်းမြောင်းသော အတွေးအခေါ်ဟောင်းများကို စွဲကိုင်မထားဘဲ တိုးတက်နေသည့် ကမ္ဘာကြီးနှင့် အမီလိုက်၍ ဆေးဝါးသစ်များ၊ ကုထုံးသစ်များဖော်ထုတ်နိုင်အောင် တီထွင်ကြံဆ ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။”**

**“တိုင်းရင်းဆေးပညာရပ်ကို ခေတ်မီသိပ္ပံပညာနှင့် ပေါင်းစပ်လုပ်ကိုင်ရမှာဖြစ်သကဲ့သို့ အိန္ဒိယ၊ တရုတ်စသည့် အခြားနိုင်ငံများ၏ တိုင်းရင်းဆေးပညာများနှင့်ပါ ပေါင်းစပ်၍ မြန်မာ့တိုင်းရင်းဆေး၏ အခန်းကဏ္ဍမြင့်မားတိုးတက်အောင် စွမ်းဆောင်ကြိုးပမ်းသွားရန်လိုကြောင်း။”**

**“မိမိတို့၌ရှိနေသည့် ပညာရပ်အဆင့်အတန်းဖြင့်ပင် ကျေနပ်နေ၍ မဖြစ်ကြောင်း၊ အဟောင်းထဲ၌ တဝဲလည်လည်ဖြစ်မနေဘဲ အသစ်အသစ်သော ပညာရပ်များကို တိုးတက်ဖြစ်ထွန်းလာအောင် ပေါင်းစပ်လေ့လာသွားကြရမှာဖြစ်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် အဆင့်မြင့်မြင့်လေ့လာမှု၊ သင်ကြားမှုများ ပြုလုပ်၍ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်နိုင်ရန် စီမံသွားကြရမှာဖြစ်ကြောင်း။”**

**“တက္ကသိုလ်ဖြစ်သည့်အားလျော်စွာ ပညာသင်ကြားပို့ချသည့် ဘာသာ ရပ်များသည် အဆင့်အတန်းရှိရန်လိုအပ်ကြောင်း၊ အခြားနိုင်ငံများက လာရောက် လေ့လာပါကလည်း အသိအမှတ်ပြုလက်ခံနိုင်သည့် အဆင့်ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ကလည်း အခြားနိုင်ငံများ၏ တိုးတက်နေသော တိုင်းရင်းဆေးပညာကို လေ့လာရမှာဖြစ်သကဲ့သို့ နိုင်ငံခြားမှ တိုင်းရင်းဆေး ပညာရှင်များကိုလည်း အခါအားလျော်စွာ ဖိတ်ခေါ်၍ ကျောင်းသားများကို ပို့ချသွားစေသင့်ကြောင်း။”**

စသည်ဖြင့် တိုင်းရင်းဆေးပညာအဆင့်မြင့်မားရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်ဖွင့်လှစ်ရေးတို့နှင့်စပ်လျဉ်းပြီး လမ်းညွှန်မှာကြားမှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ တိုင်းရင်းဆေးပညာကို ခေတ်မီသိပ္ပံနည်းနှင့်ပါ ပေါင်းစပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာတတ်မြောက်သည့်၊ ကျွမ်းကျင်သည့် တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်နိုင်အောင် တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ယခုကဲ့သို့ တည်ထောင်ဖွင့်လှစ်ပေးခြင်းပင်ဖြစ်ကြောင်း။

### ခံ့ညားထည်ဝါ

အခြားနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်များနှင့်ပါ ပူးတွဲကုသနိုင်အောင်လည်း စီမံဆောင်ရွက်ထားရန်နှင့် ပညာရပ်ချင်း၊ အတွေ့အကြုံချင်း ဖလှယ်နိုင်အောင်လည်း မိမိတို့ပညာရပ်များကို အဆင့်မြင့်မြင့်၊ ကျယ်ကျယ်ပြန့်ပြန့်လေ့လာ တတ်မြောက်ထားရန် အထူးလိုအပ်ကြောင်း၊ ပညာဆိုသည်မှာ ကျယ်ကျယ် ပြန့်ပြန့် စုံစုံလင်လင် လေ့လာနိုင်လေ ကျွမ်းကျင်မှု၊ ယုံကြည်စိတ်ချမှု ရှိလာလေဖြစ်ကြောင်း၊ ဆရာများ၏ အရည်အသွေးတောက်ပြောင်ပြီး သင်ရိုးညွှန်းတမ်းပါ ဘာသာရပ်များကလည်း အဆင့်အတန်းရှိမှသာ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသားများအနေဖြင့် ဆေးပညာကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားမှာဖြစ်သကဲ့သို့ တိုင်းရင်းဆေးတက္ကသိုလ်ကြီးသည်လည်း အသွင်သဏ္ဌာန်အရရော၊ အနှစ်သာရအရပါ ပြည့်စုံခံ့ညားထည်ဝါသွားမှာဖြစ်ကြောင်း။

တိုင်းရင်းဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် တိုင်းရင်းဆေးပညာရှင်များက တိုင်းရင်းဆေးဝါးကို ခေတ်မီသိပ္ပံနည်းနှင့်ပေါင်းစပ်ပြီး အစွမ်းထက်သည့် မြန်မာ့ဆေးအမယ်သစ်များ၊ ကုထုံးသစ်များ ဖော်ထုတ်နိုင်အောင် အနောက်တိုင်းဆေးဝါးနှင့် ကုမရသည့်ရောဂါများကို ကုသနိုင်အောင် တစ်ဖက်တစ်လမ်းက စနစ်တကျသုတေသနပြု လေ့လာဖော်ထုတ်သွားကြရမှာဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ၏ စွမ်းပကားနှင့် ပြည်သူလူထု၏ ကျန်းမာရေးကို အပြည့်အဝ စောင့်ရှောက်ပေးနိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရမှာဖြစ်ကြောင်း။

### အလေးထားဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် အလေးအနက်ခံယူပြီး မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ ကြွယ်ဝလှသော ပင်ကိုအနှစ်သာရများကို စနစ်တကျ ဖော်ထုတ်စုစည်းကာ ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်၍ ခေတ်မီမြန်မာ့တိုင်းရင်းဆေး ပညာရပ်ကြီးတစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်ကို ဂုဏ်သိက္ခာရှိသော၊ အဆင့်အတန်းရှိသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတော်က အားထားရသော တက္ကသိုလ်ကြီးဖြစ်ရေး၊ နိုင်ငံတကာက လေးစားရသော တက္ကသိုလ်ကြီးဖြစ်ရေးတို့ကို ဆက်လက်အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေးအတွက် မည်သည့်ခေတ်ကာလနှင့်မျှမတူဘဲ အထူးပင် အားပေးချီးမြှင့်မှုများပြုလျက်ရှိကြောင်း။

ယခုဆိုလျှင် တစ်နိုင်ငံလုံး၌ တိုင်းရင်းဆေးသက်သက်ဖြင့် ကုသမှုပေးသည့် ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ နှစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၁၂ ရုံနှင့် ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၃၇ ဌာနတို့ တည်ရှိနေပြီး ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း။

တိုင်းရင်းဆေးပညာ သင်ကြားရေးကဏ္ဍ၌လည်း ဒီပလိုမာအဆင့်ရှိ တိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ ဒီပလိုမာဘွဲ့ရ တိုင်းရင်းဆေးဆရာ ၁၆၂၈ဦး မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း။

### လေ့ကျင့်မွေးထုတ်

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြင်ပ တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်းများကို ၁၉၉၈ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ တိုင်းရင်းဆေးဆရာ အသိအမှတ်ပြုလက်မှတ်ရ ဆေးဆရာ ၁၁၇၇ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

ဘွဲ့၊ ဒီဂရီအဆင့်ပေးအပ်နိုင်သည့် အရှေ့တောင်အာရှဒေသ၌ တိုင်းရင်းဆေးပညာနှင့်ပတ်သက်ပြီး သီးသီးသန့်သန့် သင်ကြားပေးသည့် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ခုနှစ် ဒီဇင်ဘာ၁၉ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ခံ့ညားထည်ဝါမှုများနှင့် ပြည့်စုံသော တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို ယနေ့ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

### သင်ရိုးညွှန်းတမ်းပြုစု

တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် အနောက်တိုင်းဆေးပညာ အခြေခံဘာသာရပ်များ၊ မြန်မာ့တိုင်းရင်းဆေးပညာ ဘာသာရပ်များ၊ တရုတ်အပ်စိုက် ဘာသာရပ်များပါဝင်သည့် နိုင်ငံတကာ အဆင့်မီ သင်ရိုးညွှန်းတမ်းပြုစုထားရှိပြီး သင်ကြားပေးလျက်ရှိကြောင်း။

နိုင်ငံတော်က အရည်အချင်းပိုမို မြင့်မားသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်လာစေရေးအတွက် အားပေးချီးမြှောက်နေသကဲ့သို့ ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းဆေးပညာ သင်ယူတတ်မြောက်လိုသည့် ဆန္ဒများ ပိုမိုများပြား တိုးတက်လာနေသည်ကိုလည်း နှစ်စဉ်တိုင်းရင်းဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်းမြင့်မားလာမှုက သက်သေပြနေကြောင်း။

### ကြိုးပမ်းသွားမည်

မိမိတို့ ကျန်းမာရေးဝန်ထမ်းများကလည်း ပိုမိုအရည်အသွေးမြင့်မားသည့် တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးရေးနှင့် ပြည်သူတို့၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်ပေးရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများနှင့် ဝန်ကြီးများအား ဝန်ကြီး ဒေါက်တာကျော်မြင့်က တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရပစ္စည်းများကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် သရုပ်ပြပရဆေးဥယျာဉ်ကိုလည်းကောင်း၊ ရောဂါကြီးခြောက်မျိုးတွင်အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များသင်ကြားရေး လက်တွေ့ဆောင်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးတက္ကသိုလ်ပင်မဆောင်ရှေ့၌ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်၌ လက်ရှိပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ဦးရေမှာ ဒုတိယနှစ် ၈၉ ဦး၊ တတိယနှစ် ၁၉၁ ဦး၊ စတုတ္ထနှစ် ၁၇၄ ဦးဖြစ်သည်။

၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပထမနှစ် ကျောင်းသား ကျောင်းသူ ၂၅၆ ဦး ရွေးချယ်ထားပြီး စတင်လက်ခံလျက်ရှိသည်။

တိုင်းရင်းဆေးတက္ကသိုလ်သည် ၁၁ ဒသမ ၄၂ ဧက ကျယ်ဝန်းပြီး တက္ကသိုလ်အဆောက်အအုံသစ်ကို ၂၀၀၂ခုနှစ် ဩဂုတ် ၂၄ ရက်မှ စတင်တည်ဆောက်ခဲ့သည်။

တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံသစ်၌ အဆောင်လေးဆောင်ပါရှိသည်။ပင်မဆောင်မှာ လေးထပ်ဖြစ်ပြီး စုဝေးခန်းမနှင့် Lecture Theatre များ ပါရှိသည်။

အဆောင်အမှတ်(၁)မှာလည်း လေးထပ်ဖြစ်ပြီး စာသင်ခန်းကိုးခန်း၊ ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် လက်တွေ့ခန်းများပါရှိသည်။

အဆောင်အမှတ်(၂)မှာ သုံးထပ်ဖြစ်ပြီး စာသင်ခန်း ၁၂ ခန်း၊ ဘာသာရပ်ဆိုင်ရာဌာနများနှင့် လက်တွေ့ခန်းများပါရှိသည်။

အဆောင်အမှတ်(၃)မှာ နှစ်ထပ်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ဌာနများနှင့် လက်တွေ့ခန်းများပါရှိပြီး တိုင်းရင်းဆေးတက္ကသိုလ်အဆောက်အအုံသစ်၌ စုစုပေါင်း ကျောင်းသား ၁၀၀ဆံ့ ပေ ၃၀ x ပေ ၄၀ အကျယ် စာသင်ခန်း ၂၁ ခန်းနှင့် လူ ၂၀၀ ဆံ့ Lecture Theatre နှစ်ခန်းပါရှိသည်။ တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို အေစီအီးဆောက်လုပ်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

28-12 (10).p65 1 3/31/05, 9:25 PM

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆည်တော်ကြီးရေကူရေလှောင်တမံစီမံကိန်း(နမ့်ပက်ရေလှောင်တမံ)ဆောင်ရွက်မည့်နေရာကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၇

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဒီဇင်ဘာ၂၆ရက် နံနက်၁၀နာရီတွင် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေကူရေလှောင်တမံစီမံကိန်း(နမ့်ပက်ရေလှောင်တမံ)အကောင်အထည်ဖော် ဆောင်ရွက်မည့်နေရာသို့ ရောက်ရှိစစ်ဆေးသည်။**

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် မန္တလေးတိုင်း ညွှန်ကြားရေးမှူး ဦးအေးသိန်းတို့က တမံစီမံကိန်းနှင့် စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

၁၉၈၇ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးဘက်စုံ ရေလှောင်တမံသည် လက်ရှိရေသိုလှောင်နိုင်အား ဧကပေ ၃၁သမ၆၃ သိန်းသာရှိသဖြင့် လက်ရှိ စိုက်ပျိုးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ် အသုံးပြုပြီးနောက် နှစ်စဉ်ပျမ်းမျှ ဧကပေ ရှစ်သိန်းခန့်ကို ရေပိုလွှဲမှ ထုတ်လွှတ်နေရလျက်ရှိသည်။







နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဆည်တော်ကြီး ရေလှောင်တမံတည်ဆောက်ထားသည့် ချောင်းမကြီးချောင်း၏ ရေစီးရေလာကို အပြည့်အဝ အသုံးချနိုင်ရန်နှင့် ရေပိုလွှဲမှ နှစ်စဉ်ရေထုတ်လွှတ်နေရမှုကို အထိုက်အလျောက် လျော့ကျစေရန်အတွက် ဆည်တော်ကြီး ရေလှောင်တမံအထက်ဘက် ၁၂မိုင်ခန့်အကွာ နမ့်ပက်ချောင်း၌ဆည်တော်ကြီးရေကူရေလှောင်တမံ စီမံကိန်း (နမ့်ပက်ရေလှောင်တမံ)ကို တည်ဆောက်သွားရန်စီစဉ်ရခြင်းဖြစ်သည်။

**အထောက်အကူပြု**

ဤစီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၆၀ ထုတ်ယူရရှိမည်ဖြစ်ပြီး ဆည်တော်ကြီး ရေလှောင်တမံမှလည်း လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လွှတ်နိုင်ရေးအတွက်အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နမ့်ပက်ရေလှောင်တမံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြပြီး ဆည်တော်ကြီးရေလှောင်တမံသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက ဆည်တော်ကြီး ရေလှောင်တမံအခြေအနေနှင့် ရေအားလျှပ်စစ်ထုတ်လွှတ်နေသည့် အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကိုမှာကြားပြီး ဆည်တော်ကြီးရေလှောင်တမံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆည်တော်ကြီး ရေလှောင်တမံကို မတ္တရာမြို့နယ် ချောင်းမကြီးချောင်းပေါ်၌တည်ဆောက်ထားသည်။ တမံမှရေဖြင့် မတ္တရာ၊ ပုသိမ်ကြီး၊ မန္တလေးနှင့် အမရပူရမြို့နယ်တို့ရှိ စိုက်ပျိုးမြေဧရိယာ ဧကတစ်သိန်းကျော်သို့ စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ ထို့ပြင် ၁၂ဒသမ၅ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့်လည်း ရေအားလျှပ်စစ်ထုတ်ပေးနေသည့် ရေလှောင်တမံဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းတင်က မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ လက်တွန်းထွန်စက်နှင့် စပါးရိတ်စက် ထုတ်လုပ်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်မှုလယ်ယာကဏ္ဍအတွက် လက်တွေ့အသုံးဝင်သည့် လယ်ယာသုံး စက်ကိရိယာများကို အရည်အသွေးမီမီ ထုတ်လုပ်ရေးမှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးတိုင်း မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## အထက(ခွဲ)ရှားခဲ ရွှေရတုနှင့်မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဟသ်ာတမြို့နယ် အထက(ခွဲ) ရှားခဲ၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၉ ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ အလှူငွေနှင့်ပစ္စည်းများကို ဗိုလ်ကြီးအောင်နိုင်မင်း ဖုန်း-၀၁-၅၁၀၈၀၈၊ ကိုမျိုးအောင် ဖုန်း-၀၁-၆၆၄၄၃၆၊ ဦးမောင်သွင် ဖုန်း-၀၄၂-၂၃၀၃၆၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် ဦးသာအောင် ဖုန်း-၀၄၄-၇၀၀၃၁/၅၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## အိန္ဒိယသမုဒ္ဒရာအတွင်းအင်အားပြင်းထန်သောလျင်ဒဏ်ကြောင့် ဒေသတွင်းနိုင်ငံများတွင်လူ့အသက်အိုးအိမ်များပျက်စီးဆုံးရှုံး

**ဂျကာတာ ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၆ရက်က အင်ဒိုနီးရှားနိုင်ငံအနီးတွင် အင်အား ၉ဒသမ၀ ရစ်ချ်တာစကေးရှိသည့် အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်မှုကြောင့်လည်းကောင်း၊ ၎င်းငလျင်နှင့် ဆက်စပ်လျက် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ပင်လယ်ဒီရေလှိုင်းကြီးများ ဖြစ်ပွားခဲ့မှုကြောင့်လည်းကောင်း၊ ဒေသတွင်းနိုင်ငံများတွင် လူ့အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ နောက်ဆုံးရရှိသော သတင်းများအရ သေဆုံးသူ ၂၂၅၈၇ဦးအထိရှိသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခန့်မှန်းစိစစ်ထုတ်ပြန်ချက်များအရ အိန္ဒိယတွင် ၆၆၀၀၊ အင်ဒိုနီးရှားတွင် ၄၉၁၂ဦး၊ မလေးရှားတွင် ၅၂ဦး၊ မော်လဒိုက်တွင် ၅၂ဦး၊ ဆိုမာလီတွင် ၃၈ဦး၊ သီရိလင်္ကာတွင် ၁၀၀၂၉ဦး၊ ထိုင်းတွင် ၈၆၆ဦးနှင့်ဘင်္ဂလားဒေ့ရှ်တွင်နှစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

**(အမ်အင်အေ၊ရိုက်တာ)**

## အိန္ဒိယသမုဒ္ဒရာအတွင်းအင်အားအလွန်ပြင်းထန်သောမြေငလျင်လှုပ် မြန်မာနိုင်ငံဒေသအချို့တွင်ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဒီဇင်ဘာ ၂၆ရက် မြန်မာစံတော်ချိန် နံနက် ၇နာရီ ၃၂မိနစ် ၄၈စက္ကန့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၏အနောက်မြောက်ဘက်မိုင် ၁၀၀၀ ခန့်ကွာဝေးသော နေရာကိုဗဟိုပြု၍ အင်အားအလွန်ပြင်းထန်သော မြေငလျင်တုန်လှုပ်ခဲ့ပြီးနောက်ပိုင်းတွင် ကပ္ပလီပင်လယ်ပြင်အတွင်း၌ အင်အားရစ်ချ်တာစကေး ၆ဒသမ ၀ ခန့်ရှိသည့် မြေငလျင် ကိုးကြိမ်ခန့်ဆက်၍လှုပ်ရှားခဲ့သည်။

ယင်းသို့ မြေငလျင် ကိုးကြိမ်လှုပ်ခဲ့ရာ၌ ရှစ်ကြိမ်မြောက် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၆ဒသမ၁ရှိပြီး ကိုကိုးကျွန်း၏ အနောက်တောင်ဘက် မိုင်၆၀ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း၊ ကိုးကြိမ်မြောက် မြေငလျင်သည် အင်အားရစ်ချ်တာစကေး ၇ဒသမ၃ရှိပြီး ကိုကိုးကျွန်း၏ တောင်ဘက်မိုင် ၄၀၀ ခန့်အကွာကို ဗဟိုပြု၍လည်းကောင်း လှုပ်ရှားခဲ့သည်။

အဆိုပါ ငလျင်ဒဏ်ကြောင့် တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအချို့တွင် အဆောက်အအုံအချို့ ပြိုကျပျက်စီးခြင်းနှင့် ပင်လယ်ဒီရေလှိုင်း ရိုက်ခတ်ဖုံးလွှမ်းခြင်းများဖြစ်ပွားပြီး ပင်လယ်ကမ်းခြေဒေသရှိ ကျေးရွာ ၁၇ ရွာပျက်စီးကာ လူ၂၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ထို့အပြင် လူ ၃၄ဦးသေဆုံးပြီး၊ ၄၅ဦးဒဏ်ရာရရှိကာ ၂၅ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသောဒေသများသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးတင်ဝင်းမောင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများကလည်း မိမိတို့ဒေသအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားသော ဒေသများသို့ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေး အရေးကြီးဆုံးလိုအပ်ချက်ဖြစ်သည်ကို ရှုမြင်နိုင်စွမ်းရှိ ငြိမ်းချမ်းရေးကြိုးပမ်းချက်များအောင်မြင်၍ နယ်စပ်ဒေသများ သိသိသာသာဖွံ့ဖြိုးတိုးတက်လာ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄) ၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ပြည်ထောင်စု



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းဟန် အဖွင့်အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ကျောင်းသား ကျောင်းသူများ၊ ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်များကို ခန်းမဆောင်တွင် ဆက်လက်ကျင်းပရာ ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကျောင်းသား ကျောင်းသူများက **'ရာသက်ပန်ပြည်ထောင်စု'**သီချင်းနှင့် **'ပြည်မြန်မာ'** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမင်းလှံက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲဖြစ်သည့် အသင်းနာယကကြီးက **"အမျိုးသားစည်းလုံးညီညွတ်ရေး မြင့်မားသည့်အခါ ပြည်သူတို့၏ အင်အားမှာ ပိုမိုအားကောင်းလာခဲ့ကြောင်း၊ ပြည်သူတို့၏အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်သည့် အစဉ်အလာရှိခဲ့ကြောင်း"** နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)မှာ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

ယနေ့ နိုင်ငံတော်၏ အနေအထားကို လေ့လာကြည့်လျှင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်ဟု အားလုံးက ရှုမြင်နိုင်စွမ်းရှိခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းချက်တွေ အောင်မြင်ခဲ့ပြီး နယ်စပ်ဒေသများတွင် စီးပွားရေးအခြေခံ အဆောက်အအုံတည်ဆောက်မှုတွေ၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

မိမိတို့အားလုံး၏ ပန်းတိုင်မှာ မိမိတို့ ချစ်မြတ်နိုးသည့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး အဖြစ်ရောက်အောင် ပြည်သူအားလုံးနှင့် လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ တိကျသည့်ပန်းတိုင်လည်း ရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့်လည်း ယင်းရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင် အကောင်အထည်ဖော်



နိုင်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပေးထားပြီး အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့အတွက် တစ်ခုတည်းသော မူဝါဒလမ်းစဉ်ဖြစ်ကြောင်း။

**ဝိုင်းဝန်းအကောင်အထည်ဖော်**

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အမျိုးသားရေးအင်အားစုကြီးဖြစ်သည့် မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ပြည်သူနှင့်လက်တွဲပြီး ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ယင်းကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် ဦးတည်ချက်(၇)ရပ်ကို ချမှတ်ပြီး နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးကို ကျင်းပခဲ့ကြောင်း၊ သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို အကောင်အထည်ဖော်သွားနိုင်ရန် အတွက် ပထမဦးဆုံးခြေလှမ်းဖြစ်သည့် ယခုလို အစည်းအဝေးကို ကျင်းပရခြင်းပင်ဖြစ်ကြောင်း ပြောကြားသွားသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)



**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ထားထားနုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ရှင်းလင်းတင်ပြ**

**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်အောင်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်မြင့်က ပဲခူးတိုင်း (အနောက်ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ခင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)



**ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ် အမှုဆောင် ဦးခင်အောင်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ဦးတည်ချက်(၇)ရပ်ကို အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းအလုပ်အမှုဆောင် ဒေါ်ထားထားနုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်စွာ စွမ်းရည်အပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းအလုပ်အမှုဆောင် ဦးကျော်မြင့်က ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်း အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ထောက်ခံဆွေးနွေး**

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်လင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်နှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ခင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁*

*စာမျက်နှာ ၁၂ မှ*

ဆက်လက်၍ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသည်။

### ဆုချီးမြှင့်

ထို့နောက် ထူးချွန်လူငယ်များအား ဆုချီးမြှင့်ရာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ရင်ရင်မီ၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဆွေဆွေဝင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်ဆွေဦး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ဝေဝေ၊ ပဲခူးတိုင်း(အနောက်ပိုင်း)အသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ချိုဦး၊ ပြည်မြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီး ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးအတွက် စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၂၅သိန်းကို ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်ချိုဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

### ဆုံးဖြတ်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အကောင်အထည်ဖော်ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်းကြေညာပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြွေးကြော်သံများ ကြွေးကြော်၍ နံနက် ၁၁နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ပညာရေးစုံညီပွဲတော်တွင်စာအုပ်အထူးရောင်းချပွဲ ဖွင့်လှစ်ထား

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ကို ပြည်လမ်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ပညာရေးစုံညီပွဲတော်ကျင်းပရာ စိန်ရတုခန်းမ၏ မြေညီထပ် ဝဲဘက်နှင့် ညာဘက်တို့၌ စာပေတိုက်များ၊ စာအုပ်ဆိုင်ကြီးများ၏ စာအုပ်အထူးရောင်းချပွဲကိုပါ ထိုရက်များအတွင်း နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးလျက်ရှိသည်။

### စာအုပ်ဆိုင်များ

ယင်းစာအုပ် အထူးဈေးပွဲတော်တွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စာအုပ်ဆိုင်များမှာ စာပေဗိမာန်၊ ပညာရေးသုတေသနအဖွဲ့၊ အင်းဝ၊ အရဏ်သစ်၊ ယောမင်းကြီး၊ ရာပြည့်၊ ဂုဏ်ထူး၊ မုံရွေး၊ Unity၊ စိတ်ကူးချိုချို၊ သီဟရတနာ၊ ဇော်၊ ဇေယျာမြေ၊ Myanmar Book Centre၊ အမေ၊ ရန်အောင်၊ သာလွန်၊ ပန်းရွှေပြည်၊ ပါရမီ၊ Quality၊ တင်ရွှေစာပေနှင့် မြင့်မိုရ်(၂)တို့ ဖြစ်ကြသည်။

### ရောင်းချ

အဆိုပါစာအုပ်ဆိုင်များတွင် သုတ၊ ရသ စာအုပ်မျိုးစုံအပြင် ပညာရေး အထောက်အကူပြု စာအုပ်စာတမ်းများ၊ ရှားပါးစာအုပ်များနှင့် ကျောင်းသား ကျောင်းသူများအတွက် စာစီစာကုံး၊ အက်ဆေးနှင့် ပုံပြင်စာအုပ်မျိုးစုံကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရတနာမဥ္ဇူဓမ္မရိပ်သာ လစဉ်တရားစခန်းဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ကမ္မဋ္ဌာနာစရိယဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်း ရတနာမဥ္ဇူဓမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီးဦးသန်း(ဒလ)ပျော်ဘွယ်ကြီး ဦးဆောင်၍ လစဉ်လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက် ဝိပဿနာတရားစခန်းများ ဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၃ရက် နံနက် ၇နာရီ အရောက် မှတ်ပုံတင်ယူဆောင်၍ ရတနာမဥ္ဇူ ဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာမှ ကားကြိုပို့ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး စိန်ပူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အသစ်တင်လှူမည် စေတီတော်ကြီး၏ကိုယ်လုံးတော်အပြည့်ရွှေစင်သင်္ကန်းကပ်လှူပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ်သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တတောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကို တည်ထောင်သော တစီးရှင်သီဟသူမင်းလက်ထက် အမတ်ကြီးဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစီးရှင်သီဟသူသည် ပုဂံ၏နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ(ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော်ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်ကသူ၏ စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစီးရှင်သီဟသူ၏သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည်(၆၇၇) အသင်္ခယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ် ဆွမ်းတော်ကြီးတင် ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲ တစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ်၆၇၄ခုနှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း၈၉၂နှစ် သက်တော်ရှည်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူရန် လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ အသစ်တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းစတင် ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထားဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့-

**(၁) ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့ ဖုန်း-၀၇၂-၂၁၅၄၄**
**(၂) သီတဂူဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း-၀၇၂-၂၁၆၁၁**
**(၃) သီတဂူဆရာတော် ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း-၀၁-၅၅၉၅၅၉**

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

**သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။**

## ပညာရေးစုံညီပွဲတော်

**(၂၈-၁၂-၂၀၀၄ မှ ၃-၁-၂၀၀၅)**

**SCHOOL FAMILY DAY**
**(28/12/2004 to 3/1/2005)**

## အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အထက(၂)မှော်ဘီ ကျောင်းသားဟောင်းများ စုပေါင်း၍ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ၁ရက် မွန်းလွဲ ၁နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီး (အထက (၂)၊ မှော်ဘီ)၊ အောင်ဇင် ဖုန်း-၆၂၀၂၄၃၊ဗိုလ်ကြီးသိုက်စိုး(ငြိမ်း) ဖုန်း-၆၀၀၃၄၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## ကံမြင့်ကျောင်းတိုက်အထူးတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၂၉ရက်နှင့် ၃၁ရက်များတွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ကလည်းကောင်း၊ ဒီဇင်ဘာ ၃၀ရက်နှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်များတွင် ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒက လည်းကောင်း ညစဉ် ၇နာရီတွင် ကလေးများအတွက် အထူးတရားပွဲကျင်းပ၍ တရားတော်များ ဟောကြားမည်ဟု သိရသည်။

**(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၈-၁၂-၂၀၀၄(အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တော်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အကပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒအထူးပြုများ)(ဓာတုဗေဒ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၀၀ ၅။ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၀ ၈။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၅၄)
- ၁၈:၃၀ ၉။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၁။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၁၅ ၁၂။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၁၉:၃၀ ၁၃။ **အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမူ ဒို့ရေးရှု "မျိုးချစ်စိတ်ဖြင့် ဆွတ်ယူကြိုးပမ်းလွတ်လပ်ရေးအောင်ပန်း"** (အပိုင်း-၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** အပိုင်း(၂၅)
- ၁၈။ Tiger Cup ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဆီမီးဖိုင်နယ်၊ ပထမပွဲ) **အင်ဒိုနီးရှား-မလေးရှား**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

## မြဝတီရုပ်မြင်သံကြား

**၂၈-၁၂-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Differential and Integral Calculus (ပထမနှစ်) သင်္ချာ၊ စီးပွားရေး၊ စီးပွားစီမံ
- ၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"** (အပိုင်း-၁၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မြန်မာ့ရှုခင်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ English Premier League ဘောလုံးပွဲ Portsmouth Vs Chelsea

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထီးများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ်နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**



# ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၃၀ရက် (ကြာသပတေးနေ့) ညနေ၅နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

**(သတင်းစဉ်)**

**သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သီရိလမ်း ကတ္တရာထပ်ပိုးခင်းခြင်း လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်ကကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(ခရိုင် ပြန်/ဆက်)






## မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် လုပ်သားများခေါ်ယူခြင်း

"မြန်ဂုဏ်မြင့် အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်"နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Virtue International Limited က မလေးရှားနိုင်ငံတွင်အလုပ်လုပ်ရန် အထွေထွေလုပ်သားများလိုအပ်နေပါသည်။

၁။ လုပ်သားအရေအတွက် – ၂၀ ဦး
၂။ အသက်အပိုင်းအခြား – အသက်(၂၃–၄၀)နှစ်
၃။ ပညာအရည်အချင်း – CNC လက်မှတ် သို့မဟုတ် CNCကျွမ်းကျင်သူဦးစားပေးမည်။
၄။ အချိန်ကန့်သတ်ချက် – တစ်လအတွင်း
၅။ အခြေခံလစာ – တစ်လ မလေးရှားရင်းဂစ် (၈၀၀)
၆။ အချိန်ပိုလုပ်ခသည် သာမန်လုပ်ခနှုန်းထက် (၁ဒသမ၅)ဆရရှိမည်။
၇။ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်တို့သည် မလေးရှားနိုင်ငံ ဥပဒေအတိုင်းဖြစ်ပါသည်။
၈။ ဝန်ဆောင်ခ ကျပ်ခြောက်သိန်းခွဲဖြစ်ပါသည်။

အသေးစိတ်သိလိုပါက– Virtue International Limited
အမှတ် ၇၂၊(၃က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း–၀၁–၂၈၀၂၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။












## ဝမ်းမြောက်ချီးကျူးဂုဏ်ပြုခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်ညီလာခံ (CAFEO 22) ကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၈၊ ၁၉ရက်များတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြည်ပနိုင်ငံပေါင်း ၁၈နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာပေါင်း ၈၀၀ကျော် တက်ရောက်၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပစာတမ်းပေါင်း ၁၃၄ စောင် ဖတ်ကြားတင်သွင်းနိုင်ခဲ့ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းကို လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက်။**






## ကျေးဇူးဆပ်ပါမည်

ဦးစိုးစိုး ၆/မအန(နိုင်)၀၂၇၅၆၄၊ မြနန္ဒာဈေးလမ်း၊ အဏ္ဏဝါရပ်ကွက်၊ ကော့သောင်းမြို့၏ ငှင်းပိုင်ရေယာဉ် အမည် K.T-126၊ ရေယာဉ်နံပါတ် KTG-019/99၏ ရေကြောင်း ဦးစီးဌာနမှ ထုတ်ပေးထားသည့် လှေဂရန်၊ စက်ဂရန်များပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပို့ဆောင်ပေးပါရန်နှင့်ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း။ **ဦးစိုးစိုး။**




## မွေးနေ့ဆုတောင်း

**ဦးလွင်ဇော်နိုင်**၏ ၂၈–၁၂–၂၀၀၄ ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း များစွာတိုင်အောင်ကျန်းမာပျော်ရွှင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ဝန်ထမ်းများ၊ ဘိုကလေးဆေးဆိုင်။**

## အမြန်ပြန်လာပါ

သားကြီး ဘိဘိ(ဇော်မျိုး) အမေစိတ်ပူနေသည်။ ဦးဇော်ညွှန့်နှင့် အမြန်ဆက်သွယ်ပါ။

**ဦးဇော်ညွှန့်.ဖုန်း–၀၉၅၀၀–၂၁၅၀။**











# နတ်မောက်မြို့ မြစည်းခုံလမ်း ကတ္တရာခင်း ငွေကျပ် ၁၉ သိန်းကျော် အကုန်အကျခံဆောင်ရွက်

**နတ်မောက် ဒီဇင်ဘာ ၁၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့်အဖွဲ့သည် နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြစည်းခုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးသက်တို့က ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေဖြင့် ဆောင်ရွက်**

အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည်ပေ ၈၅၀ ရှိပြီး နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၉၃၂၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**



# မိုးကုတ်မြို့နယ် ကျေးလက်သောက်သုံးရေရရှိရေး ရေပိုက်သွယ်တန်း၊ အုတ်ရေကန်တည်ဆောက်

မိုးကုတ် ဒီဇင်ဘာ ၁၀

**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ် ကျေးလက် ရေပေးရေးလုပ်ငန်းဖြစ်သည့် ပန်းမထိပ်ရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေကန်တည်ဆောက်ခြင်း လုပ်ငန်းကို နိုဝင်ဘာ၂၈ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။**

**ရေစုကန်ဆောင်ရွက်**

အဆိုပါ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၁၉၇၂၀၀၀ ဖြင့် နှစ်လက်မပီဗွီစီရေပိုက်ပေ ၄၂၀၀ ကို သွယ်တန်းဆောင်ရွက်ပေးပြီး ပန်းမထိပ်ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော အုတ်ရေကန်သည် ရေဂါလန် ၃၀၀၀၀ ဆံ့သော ရေစုကန်ဖြစ်ပြီး ငွေကျပ် ၁၃ သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(နယ်စပ်/စည်ပင်)**

**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် မဲခေါင်းလမ်းနှင့် ခရိုင်ချင်းဆက်လမ်းကို ဆက်သွယ်သည့် ကြာနီကန်–သရက်ကုန်းလမ်းကို မြေသားလမ်းအဖြစ် စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုကိုတို့က လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်



## ရှင်းလင်းတင်ပြ

**ဖြူးမြို့ မြို့မအနောက်ရပ်ကွက် ထန်းတပင်(၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းအား စေတနာရှင် ဦးလှမြင့် မိသားစု လှူဒါန်းငွေဖြင့်ဆောင်ရွက်နေမှုကို တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်မှ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးစိုးညွှန့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ထွန်းတို့က ရှင်းလင်း တင်ပြစဉ်။**

(မြို့နယ်စည်ပင်)

**သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဖားရွှေကျော်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဒီဇင်ဘာ ၁၀ ရက်က နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးထွဋ်ထွဋ်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

# ဖျာပုံမြို့နယ် အမာမြို့ ပညာတံခွန်စာကြည့်တိုက်ဖွင့် ပရိဘောဂ၊ စာအုပ်နှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၂၆

**ဖျာပုံမြို့နယ် အမာမြို့ နောက်မီးကျေးရွာအုပ်စု နောက်မီးအရှေ့ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက်ဖွင့်ပွဲ၊ ပရိဘောဂ၊စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၇ ရက် နံနက် ၁၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံသာထွန်း၊ ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးကြူနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအေးလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် စာအုပ် ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်ငါးဦးက ပရိဘောဂ၊ စာအုပ်နှင့် အလှူငွေကျပ် ခြောက်သောင်းကျော်တို့ကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**



# ရေတာရှည်မြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ခွဲစိတ်ခန်းအတွက် ငွေလှူဒါန်း

**တောင်ငူ ဒီဇင်ဘာ ၁၆**

တောင်ငူမြို့ (၁၆)ရပ်ကွက် ဗိုလ်မှူးဖိုးကွန်းလမ်းနေ အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဒေါ်အုန်းခင်က ရေတာရှည်မြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခုတင် မီးစလောင်းအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက်က အလှူရှင်၏နေအိမ်တွင်ကျင်းပရာ မြို့နယ်ဆရာဝန် ဒေါက်တာ ဦးထွန်းနေအောင်သို့ အလှူငွေကျပ် ၇၃၁၀၆၇၀ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၀၃၀)**



# မင်းကင်းမြို့တွင် စက်ရေတွင်း လှူဒါန်း

**မင်းကင်း ဒီဇင်ဘာ ၂၀**

မုံရွာမြို့ ရုံးကြီးရပ်နေ ဦးတင်အောင်ဆန်း–ဒေါ်ခင်အေးသွယ် မိသားစုက မိမိဇာတိဖြစ်သော မင်းကင်းမြို့ အမှတ်(၂)ရပ်ကွက်နယ်မြေ ချောင်းဆုံရပ်ကွက် ချောင်းဆုံတောင်ပိုင်းတွင် တုံကင်တပ် စက်ရေတွင်း နှစ်တွင်း၊ ချောင်းဆုံအလယ်ပိုင်းတွင် တုံကင်တပ်တစ်တွင်းနှင့် အမှတ်(၂)နယ်မြေတွင် ပေ ၆၀၀ ကျော်မြင့်သော မဏိရတနာတောင်ထိပ် ဘုန်းတော်ကြီးကျောင်း၌ ရေမှုတ်စက်တပ်စက်ရေတွင်းတစ်တွင်း စုစုပေါင်းစက်ရေတွင်း လေးတွင်းကို ဒီဇင်ဘာ၁ ရက်က အပြီးသတ် တူးဖော် ဆောင်ရွက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကလေးမြို့ပန်းခြံ၌ ပန်းအလှပင်စိုက်ပျိုး

**ကလေး ဒီဇင်ဘာ ၁၂**

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် နိုဝင်ဘာ ၁၁ ရက်က ကလေးမြို့ မောမြေဦးပန်းခြံအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပန်းပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းလှနှင့်အဖွဲ့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

# ကျောင်းကုန်း မြို့နယ်လုံးဆိုင်ရာ ဌာနပေါင်းစုံ စုပေါင်းဘုံကထိန်ပွဲကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၁၂

**ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၁၃)ကြိမ်မြောက်ဌာနပေါင်းစုံ စုပေါင်း ဘုံကထိန် လှည့်လည်ပွဲကို နိုဝင်ဘာ ၂၆ရက်က မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ပဒေသာပင်၊ လူမှုရေးအသင်းအဖွဲ့များမှ ပဒေသာပင်၊ လုပ်ငန်းရှင်များနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပဒေသာပင်များ စုပေါင်း၍ မြို့တွင်းသို့ စည်ကားသိုက်မြိုက်စွာ လှည့်လည်ကြသည်။** (ယာပုံ)



ဆက်လက်၍ ကထိန်ပဒေသာပင်များကို အမှတ်(၁) ရပ်ကွက် ဆုတောင်းပြည့်ကျောင်းတိုက်သို့ သယ်ဆောင်၍ ရေစက်ချအခမ်းအနား ကျင်းပရာ သီရိမင်္ဂလာကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သောဘိတထံမှ ငါးပါးသီလခံယူ၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်းက ကထိန်ခင်းခြင်းနှင့် ပတ်သက်၍ လျှောက်ထားပြီး ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

### စည်ကားသိုက်မြိုက်

ကျောင်းကုန်း မြို့နယ်တွင် ဘုန်းကြီးကျောင်းပေါင်း ၁၇၈ကျောင်းရှိသည့်အနက် ကထိန်မခင်းနိုင်သည့် ဘုန်းကြီးကျောင်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စုပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကထိန်ခင်းခဲ့ကြောင်း သိရသည်။ **(၂၆၅)**



**ကြို့ပင်ကောက်မြို့ ဈေးသူဈေးသားများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို ဈေးဥက္ကဋ္ဌဦးခင်လေးနှင့် အဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ၊ မိသားစုများက မင်္ဂလာကျောင်းတိုက်ဆရာတော်နှင့် ပင့်သံဃာ ၄၄ပါးတို့အား ငွေကျပ်၁၉သိန်းကျော်တန်ဖိုးရှိ ပဒေသာပင်များကို ဆက်ကပ်လှူဒါန်းရန် နိုဝင်ဘာ ၂၆ရက်က မြို့ပေါ်ရှိ ရပ်ကွက်များသို့ လှည့်လည်လာကြစဉ်။** (၀၄၀)

# အုတ်တွင်း မြို့မ အထက အာစရိယပူဇော်

**အုတ်တွင်း ဒီဇင်ဘာ ၁၅**

ပဲခူးတိုင်း အုတ်တွင်း မြို့မ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယ ပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ရက် နံနက် ၉ နာရီက အုတ်တွင်း မြို့မ အထကတွင် ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ဆရာမကြီး ၅၅ ဦးနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး(ငြိမ်း)ဦးလှကျော်၊ ကျောင်းအုပ် ဆရာမကြီး(ငြိမ်း) ဒေါ်မြင့်မြင့်တို့က ဆုံးမဩဝါဒစကား ပြောကြားကြပြီး ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌဦးမင်းလွင်က ဂါရဝပြု ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ဆရာကြီး၊ဆရာမကြီးများကိုကန်တော့ကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် အလှူငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(၃၁၆)**

# အမြို့မြို့ အနယ်နယ် သတင်းများ

**မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အောက် ရေပုန်းလမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ၃ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းရင်တို့ ကြီးကြပ်ဆောင် ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# ပျော်ဘွယ်မြို့နယ် ပုတီးကုန်းကျေးရွာအမက ကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပျော်ဘွယ် ဒီဇင်ဘာ ၁၆

**ပျော်ဘွယ်မြို့နယ် ပုတီးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ရေစက်ချပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်တွင် ကျင်းပသည်။**



ရေးဦးစွာ မာမကကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတက ဩဝါဒစကား မြွက်ကြားပြီး ရေစက်ချတရားနာယူကြသည်။ ထို့နောက်မြို့နယ်ပညာရေးမှူး ဦးကျော်ခင်က အမှာစကား ပြောကြားပြီး အလှူရှင်ဒေါ်အုန်းကြွယ်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဒေါ်အုန်းကြွယ်က မြို့နယ်ပညာရေးမှူး ဦးကျော်ခင်ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ၁၁၀၊ အနံပေ၄၀၊ နံရံကပ်သွပ်မိုး ကျောင်းဆောင်သစ်ဖြစ်ပြီး ငွေကျပ် ၂၃သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**နိုဝင်ဘာ ၂၉ရက်က ထားဝယ်မြို့ ဘုရားကြီးလမ်း အပိုင်း(၂)ထပ်ပိုး ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးထွန်းထွန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ပညာပေးဟောပြော

**ဒီဇင်ဘာ ၄ ရက်က ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်)ဦးရှိန်မြင့်မောင်က အနေးယာဉ်စည်းကမ်းအတွက် ပညာပေးဟောပြောစဉ်။** (က-ပ)



# မုဒုံမြို့ အဘွားများအတွက် တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရန် ဆက်သွယ်လှူဒါန်းနိုင်

**မုဒုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့် မုဒုံမြို့ ကန်ကြီးရပ်အနီးရှိ ဘိုးဘွားရိပ်သာအတွင်း၌ ငွေကျပ်၅၈သိန်း အကုန်အကျခံ၍ အဘွားများအတွက် တိုးချဲ့ဆောင်သစ် တစ်ဆောင်ကို ဆောက်လုပ်မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် တိုးချဲ့ဆောင်သစ်ဖြစ်မြောက်ရေးအတွက် ရပ်ဝေးရောက် မြို့ခံပြည်သူများ၊ စေတနာရှင်များ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များ၊ အဆောင်သစ်ဖြစ်မြောက်ရေးကော်မတီ ဒေါက်တာမြင့်ဦး၊ ဦးကောင်လေး (မင်းတန်းရပ် မုဒုံမြို့)၊ ဦးပိုးရီမော် (သံလမ်းလမ်းမကြီးရပ် မုဒုံမြို့)၊ ဒေါ်မြင့်မြင့်စိုး (မြို့နယ်စာရင်းရုံး မုဒုံမြို့)နှင့် ဂေဟာမှူး (ဘိုးဘွားရိပ်သာ မုဒုံမြို့)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မချမ်းဘောမြို့၌ သန့်ရှင်းရေးဆောင်ရွက်

**မချမ်းဘော ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် မချမ်းဘောမြို့တွင် မြို့သန့်ရှင်းသာယာလှပစေရန်နှင့်သန့်ရှင်းသော သောက်သုံးရေရရှိစေရေး အတွက် နိုဝင်ဘာ ၂၂ရက်က မြို့နယ် စည်ပင် သာယာရေးအဖွဲ့ တာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုင်းရဲဝင်းနိုင်နှင့်အဖွဲ့က မြို့ရေစုကန်အား စုပေါင်း သန့်ရှင်းရေး ဆောင်ရွက် ကြကြောင်း သိရသည်။

**(ပြည်နယ်စည်ပင်)**

# မြန်မာ့အသံ

**၂၉-၁၂-၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မြန်မာနေရှင်နယ်ဓာတ်ခဲ ထုတ်လုပ်မှုအကြောင်း)

၁၁း၄၀ ဟောပြောချက်(လွတ်လပ်ရေး အတွက် ကြိုးပမ်းမှုများ-စုသီရိ)

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး

၁၂း၃၅ ဓာတ်လမ်းပမာနားဆင်စရာ (အသည်းအသက် လက်ချင်းယှက်၍)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ(ဗုဒ္ဓဘာသာ အနုပညာ-ဦးမင်းနိုင်)

**ညနေပိုင်း**

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (မြိတ်ငါးပိသုပ်နှင့် ဘူးသီးငါးပေါင်းလော်ဟင်း)

၁၇း၄၅ သူ့လက်သံလက်စွမ်းပြ (မကွေးစိန်မြသန်း၏ နဲ့သံ)

၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ (၁)'အနှစ်' လုံးချင်းဝတ္ထု (စာရေးဆရာကြီး သာခ) (၂)ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုများ (ဦးခင်ဇော်-မရမ်းကုန်း)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် 'ရွှေထိုက်'၏ လိုရင်းပြောပါ)

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင်ထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်(ဂျ) ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင်ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် အိန္ဒိယသမ္မတနိုင်ငံ၌ လူနှင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီဂျေအဗ္ဗဒူလ်ကလမ် ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အာချေနှင့် ဆူမာတြားမြောက်ပိုင်းဒေသများတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်ကဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် လူနှင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများအတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူဆီလို ဘန်ဘန်းယူဒိုယိုနို ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာသမ္မတထံ စာနာထောက်ထားကြောင်းသဝဏ်လွှာပေးပို့

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ လူနှင့် အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဒမ်ချန်ဒရီကာ ဘန်ဒရာနိုက်ကေး ကုမာရာတွန်ဂါ ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ ကြွယ်ဝလှသောပင်ကိုအနှစ်သာရများ စနစ်တကျဖော်ထုတ် ခေတ်မီနည်းပညာရပ်များနှင့်ပေါင်းစပ်ပြီး ခေတ်မီမြန်မာ့တိုင်းရင်းဆေးပညာရပ်အဖြစ်မြှင့်တင် တိုင်းရင်းဆေးတက္ကသိုလ်ကို နိုင်ငံတကာလေးစားရသောတက္ကသိုလ်ကြီးဖြစ်ရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်၌ တည်ဆောက်ပြီးစီးသွားသည့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ***စာမျက်နှာ ၆ ကော်လံ ၁ ✻***





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မန္တလေးမြို့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ် အဆောက်အအုံသစ် ဖွင့်ပွဲ အခမ်းအနားတွင် ကမ္ပည်း မော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)


### မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကြိုဆို

- ❒ "ဒို့ပိုင်တဲ့မြေ" — မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ-၃)
- ❒ "ကျုပ်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနဲ့ စည်းလုံးညီညွတ်မှုတွေ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေ" — တိမ်ပုံ၏ ကာတွန်း (စာ-၃)
- ❒ "နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် တည်ဆောက်ပေးလျက်ရှိသည့် မြစ်ရေတင်စီမံကိန်းများ" — ဓာတ်ပုံမှတ်တမ်း (စာ-၇)
- ❒ "ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုအားလုံး တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်မှုရှိခဲ့၍ နယ်ချဲ့ ဆန့်ကျင်ရေးတိုက်ပွဲများ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများ အောင်နိုင်ခဲ့ခြင်းဖြစ်သည်" — မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး (စာ-၈၊၉)


### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး